# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ–၁၈၂)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက် | ၂၀၂၆ ခုနှစ်၊ ဇွန် ၂၃ ရက်၊ အင်္ဂါနေ့ | အတွဲ(၆၅)၊ အမှတ်(၂၆၁)


## DEMU မြန်နှုန်းမြင့်ရထား ပြေးဆွဲနိုင်ရေး ကျိုက်ထိုနှင့် ဘီးလင်းမြို့တို့၌ တွေ့ဆုံဆွေးနွေး

ကျိုက်ထို ဇွန် ၂၂

ရန်ကုန်–မော်လမြိုင် ရထားလမ်းပိုင်းတွင် DEMU မြန်နှုန်းမြင့်ရထား ပြေးဆွဲနိုင်ရေးအတွက် လမ်းပိုင်းတစ်လျှောက်ရှိ ရထားလမ်း/ကားလမ်းကူး နေရာများ သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြရန် မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဇေယျာဦးသည် ယနေ့တွင် ကျိုက်ထိုနှင့် ဘီးလင်းမြို့တို့ရှိ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးက ရန်ကုန်–မော်လမြိုင် ရထားလမ်းပိုင်းတစ်လျှောက် ရထားလမ်း/ကားလမ်းကူးနေရာများတွင် မောင်းတံဂိတ်၊ အစောင့်တဲ၊ ဂိတ်စောင့်နှင့် ရပ်၊ ကြည့်၊ သွား ဆိုင်းဘုတ်များထားရှိပြီး စနစ်တကျရှိရေး၊ တရားမဝင် လမ်းကူးနေရာများ ပပျောက်ရေးတို့ကို သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ ပြည့်ဖြိုး(ပြန်/ဆက်)



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ညှိနှိုင်းဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ (အပေါ်ပုံ)

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတား (ဒလ) ဖြတ်သန်းသွားလာခွင့် ည ၁၂ နာရီအထိ အချိန်တိုးမြှင့်



ရန်ကုန် ဇွန် ၂၂

မြန်မာ–ကိုရီးယား ချစ်ကြည်ရေးတံတား (ဒလ) ပေါ်မှ ဖြတ်သန်းသွားလာခွင့်အချိန်အား မူလသတ်မှတ်ထားသည့် ည ၁၀ နာရီအစား ည ၁၂ နာရီအထိ အချိန်ထပ်တိုး သုံးစွဲခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာမျိုးသော်က ပြောကြားသည်။

ဇွန် ၂၂ရက်တွင်ကျင်းပသည့် တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ဒလမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဆွေဆွေဝင်း၏ “ရန်ကုန်–ဒလ ကိုရီးယားချစ်ကြည်ရေးတံတားအား

*စာမျက်နှာ ၃ ကော်လံ ၁* ❋



## ချောင်းဆုံ၌ မိုးစပါးဧက နှစ်သောင်းကျော် စိုက်ပျိုးပြီးစီး

ချောင်းဆုံ ဇွန် ၂၂

ချောင်းဆုံမြို့နယ်အတွင်း စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၆ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးဧက ၆၅၃၀၉ ဧက စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး မိုးစပါးစိုက်တောင်သူများအနေဖြင့် ဇွန် ၂၁ ရက်အထိ မိုးစပါး စိုက်ဧက ၂၁၉၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ကိုကျော်(ချောင်းဆုံ)

## မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသားများကိုစွအား ငွေကြေးလိမ်လည်သည့်ဖြစ်စဉ်များ ရှိနေ

ရန်ကုန် ဇွန် ၂၂

မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်း အသီးသီးရှိ မြန်မာနိုင်ငံသားများ ကိစ္စကို သက်ဆိုင်ရာမိသားစုဝင်များထံသို့ တာဝန်ရှိသူ မဟုတ်သောသူများက ငွေကြေးလိမ်လည် တောင်းခံသည့် ဖြစ်စဉ်များရှိနေသည်ကို သိရှိရ၍ သက်ဆိုင်ရာမိသားစုဝင်များနှင့် နီးစပ်ရာ အသိုင်းအဝိုင်းများအနေဖြင့် သတိထား ဆောင်ရွက်နိုင်ရန် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ထုတ်ပြန်ထားသည်။

မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့သည်

*စာမျက်နှာ ၃ ကော်လံ ၄* ❐

## နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဇွန် ၂၂

ဇွန် ၂၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၌ နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မိုး/ဇလ


**ယနေ့ ဖတ် စ ရာ**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Phoenix သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုအား လက်ခံဖြေကြား — တွေ့ဆုံမေးမြန်း ➢ စာ – ၄

ကုလသမဂ္ဂ၏ စွက်ဖက်မှုနှင့် လစ်ဟာမှုများ — ဆောင်းပါး ➢ စာ – ၆

၂၀၁၃ ခုနှစ်နောက်ပိုင်း လစ်ဗျားနိုင်ငံ၏ ရေနံထုတ်လုပ်မှု အမြင့်ဆုံးစံချိန်တင် — နိုင်ငံတကာသတင်း ➢ စာ – ၁၄

မြန်မာ့အလင်း

# စားသမျှ၊ သောက်သမျှတို့ လုံခြုံဘေးကင်းကြစေဖို့

လူတိုင်း ကျန်းမာအသက်ရှင်နိုင်ရေးအတွက် နေ့စဉ် မဖြစ်မနေ စားသောက်နေကြရသည့် ရေနှင့် အစားအစာတို့ ကျန်းမာရေးနှင့် ညီညွတ်ရန်၊ ဘေးကင်းလုံခြုံရန် လိုသည်။ မိမိတို့နိုင်ငံတွင် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော အစားအသောက်ကို အများပြည်သူတို့ စားသုံးနိုင်ရန်၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အစားအသောက်ကို အများပြည်သူတို့ စားသုံးမိခြင်းမှ ကာကွယ်ရန်၊ ထိန်းချုပ်အစားအသောက်ထုတ်လုပ်ခြင်းကို စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန်၊ အစားအသောက်များထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများကို စနစ်တကျ ကွပ်ကဲထိန်းသိမ်းရန်အတွက် အမျိုးသားအစားအသောက်ဥပဒေကို ပြဋ္ဌာန်းထားရာ စားစရာ၊ သောက်စရာ ထုတ်လုပ်သူ၊ တင်သွင်းသူ၊ တင်ပို့သူ၊ သိုလှောင်သူ၊ သယ်ယူပို့ဆောင်သူ၊ ဖြန့်ဖြူးရောင်းချသူတိုင်း လိုက်နာကြရန် လိုသည်။

သောက်ရေသန့်အပါအဝင် အစားအစာများ ဘေးကင်းလုံခြုံရေးဟုဆိုရာတွင် ဇီဝအန္တရာယ်၊ ဓာတုအန္တရာယ်၊ ရူပအန္တရာယ်များ ကင်းရှင်းပြီး အာဟာရဓာတ်ပြည့်ဝကာ ကျန်းမာရေးအတွက်အထောက်အကူပြုစေရေးကို ဆိုလိုခြင်းဖြစ်သည်။ စားသောက်ဖွယ်ရာတို့ ဘေးကင်းလုံခြုံမှုသည် နိုင်ငံတိုင်းတွင် အလေးထား ဆောင်ရွက်ကြရပြီး ပြည်တွင်း၌ထုတ်လုပ်သည့် စားသောက်ဖွယ်ရာများ၊ ပြည်ပမှ တင်သွင်းလာသည့်စားသောက်ဖွယ်ရာများကို အစားအစာဘေးကင်းလုံခြုံမှုဆိုင်ရာ စံချိန်စံညွှန်းများ၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ မရှိ စဉ်ဆက်မပြတ် စစ်ဆေးကြရသည်။ စားသောက်ဖွယ်ရာများ ဘေးကင်းလုံခြုံရေးဟူသည် စတင်ထုတ်လုပ်သည့်နေရာမှ စားသုံးသူ၏ စားပွဲပေါ်သို့ ရောက်ရှိသည်အထိ ကွင်းဆက်တစ်လျှောက်လုံးတွင် ကောင်းမွန်သောအလေ့အကျင့်များဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရခြင်းဖြစ်သည်။

စားစရာ၊ သောက်စရာများ လတ်ဆတ်မှုမရှိခြင်း၊ သက်တမ်းလွန်နေခြင်း၊ ပါဝင်ပစ္စည်းတစ်ခုခုကြောင့် ဓာတ်မတည့်ခြင်း၊ မှို၊ ဗက်တီးရီးယား၊ ဗိုင်းရပ်စ်များ ပါဝင်နေခြင်း၊ ဓာတ်ဆေး၊ ဆိုးဆေး၊ ပဋိဇီဝဆေး၊ ဖြည့်စွက်ဆေးများ၊ တာရှည်ခံဆေးများနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းများပါဝင်နေခြင်း၊ စားစရာများထဲတွင် ပြင်ပမှအရာဝတ္ထုများ (ချုပ်ပင်၊ ချိတ်၊ ဖန်ကွဲစ၊ ပလတ်စတစ်စ၊ ဖုန်၊ အမှိုက်စ၊ အင်းဆက်ပိုးအသေကောင်) စသည်တို့ ပါဝင်နေခြင်းကြောင့် စားသုံးသူများမှာ လတ်တလောတွင် မူးဝေ၊ ပျို့အန်၊ ဝမ်းပျက်ဝမ်းလျှော၊ အစာအဆိပ်သင့်၊ ဗိုက်အောင့်ခြင်း စသည်တို့ ခံစားရနိုင်သကဲ့သို့ ရေရှည်တွင်လည်း ကင်ဆာကဲ့သို့သော ရောဂါဝေဒနာများ ခံစားရနိုင်သည်။

သောက်ရေသန့်များဆိုလျှင် ရုပ်ပိုင်းဆိုင်ရာ၊ ဓာတုဗေဒဆိုင်ရာ၊ အဏုဇီဝပိုးမွှားဆိုင်ရာ၊ ထုတ်လုပ်မှုနှင့်ထုပ်ပိုးမှုဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီကြရမည်ဖြစ်သည်။ ရေသန့်သည် ချဉ်ငန်ဓာတ်(pH) သတ်မှတ်စံနှုန်း ၆ ဒသမ ၅ မှ ၈ ဒသမ ၅ အတွင်းရှိရန်နှင့် ရေ၏နောက်ကျိမှုသည် သတ်မှတ် NTU ယူနစ်ထက်မကျော်ရဘဲ လုံးဝကြည်လင်နေရမည်။ ရေတွင်ပျော်ဝင်နေသော သတ္တုဓာတ်များနှင့် ဓာတုပစ္စည်းများဖြစ်သော သံဓာတ်၊ အာဆင်းနစ်ဓာတ်၊ ခဲဓာတ်၊ ဖလိုရိုက်၊ ကလိုရိုက်၊ ထုံးဓာတ် စသည်တို့မှာ လူကိုအန္တရာယ်မပြုနိုင်သော ပမာဏအတွင်းမှာသာ ရှိရမည်ဖြစ်သည်။ ရေသန့်ဘူးများ၊ ဘူးထဲရှိ သောက်သုံးရေများတွင် ဝမ်းပျက်ဝမ်းလျှောနှင့် ကူးစက်ရောဂါဖြစ်စေသော E.coli, Coliform, Shigella (ဝမ်းကိုက်ပိုး)၊ Vibrio Cholerae (ကာလဝမ်းရောဂါပိုး)နှင့် အခြားဗက်တီးရီးယား၊ ဗိုင်းရပ်စ်များ၊ ကပ်ပါးပိုးများ လုံးဝကင်းရှင်းရမည်လည်း ဖြစ်သည်။

သောက်ရေသန့်စက်ရုံများသည် သန့်ရှင်းသော ထုတ်လုပ်မှုစနစ် (Good Manufacturing Practices) နှင့် ညီညွတ်ရန်လိုအပ်ပြီး အိုဇုန်း (Ozone) သို့မဟုတ် ခရမ်းလွန်ရောင်ခြည် (UV Ray) ဖြင့် ပိုးသတ်ခြင်းကို စနစ်တကျပြုလုပ်ကြရသည်ဖြစ်သည်။ ထုပ်ပိုးမှုအနေဖြင့် ကတ်ဘူး၊ ပလတ်စတစ်ဘူးများသည် အစားအသောက်သုံး ( Food Grade) ပလတ်စတစ်ဖြစ်ရန်နှင့် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သောနေရာများတွင် အချိန်ကြာရှည် သိုလှောင်ခြင်းမပြုရန် လိုသည်။

စားသောက်ဖွယ်ရာများ ဘေးကင်းလုံခြုံရေး၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးသည် ထုတ်လုပ်သူများ၊ သယ်ယူပို့ဆောင်ဖြန့်ဖြူးသူများ၊ ရောင်းချသူများက ဥပဒေ စည်းမျဉ်းစည်းကမ်း စံချိန်စံညွှန်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်မှု၊ မိမိ၏အလုပ်နှင့် စားသုံးသူ ပြည်သူများအပေါ် စေတနာထား လုပ်ကိုင်မှုတို့အပေါ်တွင် တည်ရှိနေသည်။ သို့ဖြစ်ရာ ထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများရော စားသုံးသူများပါ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးတွင် ရှောင်ကြဉ်သင့်သည်ကို ရှောင်ကြဉ်၊ လိုက်နာသင့်သည်ကို လိုက်နာခြင်းဖြင့် အစားအစာလုံခြုံဘေးကင်းကြပါစေကြောင်း။ ။




World drug problem: persisting issues, new challenges, innovative responses

စိန်ခေါ်မှု(အသစ်တွေ)ကြားက မူးယစ်ဆေးဝါးပြဿနာ၊ ဆန်းသစ်တီထွင်နည်းလမ်းရှာ၊ စုပေါင်းကာကွယ်တိုက်ဖျက်ပါ။

## ၂၂ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## (၂၂-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ – ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၇,၄၄၃,၀၂၀.၇၀ | ၂၀,၆၉၅,၃၈၀.၇၉ | ၁၂၈,၆၄၆,၇၅၇.၃၅ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ထုပ်ပိုးမှုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ ဓာတ်မြေသြဇာ၊ စက္ကူ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၉၀ သန်းကို လည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၁၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃ – ၆ – ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၇၈၅ | ၃၉၄၀ | ၃၈၉၀ | ၃၈၀၀ | ၃၉၄၅ | ၃၉၆၀ | ၃၉၉၀ | ၃၈၇၀ | ၃၉၉၀ | ၄၂၆၅ | ၃၈၉၀ | ၄၀၇၅ | ၃၉၈၀ | ၃၉၄၀ | ၃၉၅၀ | ၄၁၈၀ |
| 95 Ron | ၃၈၃၀ | ၃၉၈၅ | ၃၉၄၀ | ၃၈၅၀ | ၃၉၉၀ | ၄၀၀၅ | ၄၀၄၀ | ၃၉၂၀ | ၄၀၄၀ | ၄၃၁၅ | ၃၉၄၀ | ၄၁၂၀ | ၄၀၃၀ | ၃၉၈၅ | ၃၉၉၅ | ၄၂၃၀ |
| HSD (500 ppm) | ၃၉၁၀ | ၄၀၅၅ | ၄၀၁၀ | ၃၉၂၅ | ၄၀၆၀ | ၄၀၇၀ | ၄၁၀၅ | ၃၉၉၀ | - | ၄၃၆၅ | ၄၀၁၀ | ၄၄၃၀ | ၄၀၉၅ | ၄၀၅၅ | ၄၀၆၅ | ၄၂၈၅ |
| HSD (50 ppm) | ၄၇၂၀ | ၄၈၇၅ | ၄၈၂၅ | ၄၇၃၅ | ၄၈၀၀ | ၄၈၉၅ | ၄၉၂၅ | ၄၈၀၅ | ၄၉၂၅ | ၅၂၀၀ | ၄၈၂၅ | ၅၀၁၀ | ၄၉၁၅ | ၄၈၇၅ | ၄၈၈၅ | ၅၁၁၅ |
| HSD (10 ppm) | ၄၇၂၀ | ၄၈၇၅ | ၄၈၂၅ | ၄၇၃၅ | ၄၈၀၀ | ၄၈၉၅ | ၄၉၂၅ | ၄၈၀၅ | | ၅၂၀၀ | ၄၈၂၅ | ၅၀၁၀ | ၄၉၁၅ | ၄၈၇၅ | ၄၈၈၅ | ၅၁၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၅၈၁ | ၃၆၈၆ |
| 95 Ron | ၃၆၂၆ | ၃၇၃၂ |
| HSD (500 ppm) | ၃၇၁၁ | ၃၈၁၅ |
| HSD (50 ppm) | ၄၄၈၆ | ၄၆၀၅ |
| HSD (10 ppm) | ၄၄၈၆ | ၄၆၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇
၀၆၇– ၄၁၁၂၈၂၊ ၀၉–၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် – ဟန်လင်းအောင်
စာတည်းမှူး – ခင်ရတနာ
စာတည်းများ – ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း – ခြူးစန္ဒီရွှေ၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း – ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ – ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် – တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်–ဒုတိယစာတည်းမှူးချုပ် ၀၆၇–၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၀၄၅၊ ဖက်စ် ၀၆၇–၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

❖ *ရှေ့ဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်းမ်စတက်အတွင်းရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အဆွေတော်နှင့် ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် မြန်မာနိုင်ငံမှ ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်အဖွဲ့တွင် မူလအဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘင်းမ်စတက်အဖွဲ့ကြီးကို စတင်ဖွဲ့စည်းခဲ့သည်မှာ လာမည့်နှစ်တွင် နှစ် ၃၀ ပြည့်မြောက်တော့မည်ဖြစ်ပြီး အဖွဲ့ကြီးကိုရည်ရွယ်ချက်ကောင်းများဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကာ အောင်မြင်မှုမှတ်တမ်းများလည်း များစွာရရှိခဲ့ပြီးဖြစ်ကြောင်း၊ ဘင်းမ်စတက်အဖွဲ့ကြီးသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမရှိဘဲ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်သည့် အဖွဲ့ကြီးဖြစ်ကြောင်း၊ မိမိအနေဖြင့် သမ္မတအဖြစ် ရွေးကောက်ခံရချိန်တွင် အဆွေတော်အနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ခုဖြစ်စေရေး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်က အဆွေတော်သမ္မတကြီးနှင့် ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်တို့နိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် အဆွေတော်သမ္မတအဖြစ်ရွေးကောက်ခံရမှုအပေါ်တွင်လည်း မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်ဦးဆောင်သည့် အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် များစွာဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန်မှစ၍ ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ပြည်ပခရီးစဉ်များ သွားရောက်ခြင်းဖြင့် ဒေသတွင်းဆက်ဆံရေးကိုလည်း ပိုမိုတိုးတက်အားကောင်းလာစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံ၏ အနာဂတ်သည် ပွင့်လင်းလာပြီဖြစ်ပြီး ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအတွင်း၌လည်း မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် နံပါတ် ၁ နေရာတွင်ရှိပါကြောင်း၊ ဘင်းမ်စတက်အဖွဲ့ကြီးအနေဖြင့် မကြာမီကာလအတွင်း ဦးဆောင်အစည်းအဝေးများနှင့် အခြားသောလှုပ်ရှားမှုများစွာကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်အဖွဲ့အတွင်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများတွင် ပါဝင်သည့် ကုန်းတွင်းပိတ်နိုင်ငံများဖြစ်သော နီပေါနိုင်ငံနှင့် ဘူတန်နိုင်ငံတို့၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်သင့်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် လာမည့်နှစ်တွင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် တာဝန်လွှဲပြောင်း ရယူထမ်းဆောင်ရမည်ဖြစ်ပြီး ဘင်းမ်စတက်အတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်ချိန်၌ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအချင်းချင်း၊ ပြည်သူများအချင်းချင်း ဆက်ဆံရေးနှင့် ကူးလူးဆက်ဆံမှုများ ကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ 2nd International Forum of the Union State "Great Heritage – Common Future"သို့ တက်ရောက်မိန့်ခွန်းပြောကြား

**ဘရက်စ် ဇွန် ၂၂**

2nd International Forum of the Union State "Great Heritage – Common Future" ဖိုရမ်သို့တက်ရောက်ရန် ဘယ်လာရုစ်နိုင်ငံ ဘရက်စ်မြို့၌ ရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီဦးဆောင်သည့် မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် ၁၂ နာရီတွင် ဘရက်စ်မြို့ Brest Regional Community and Cultural Center ၌ကျင်းပပြုလုပ်သည့် 2nd International Forum of the Union State "Great Heritage – Common Future" ဖိုရမ်သို့ ဖိတ်ကြားထားသော နိုင်ငံ ၁၇ နိုင်ငံမှ လွှတ်တော်ဥက္ကဋ္ဌများ၊ အဆင့်မြင့်နိုင်ငံတကာ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ တက်ရောက်ကာ စုံညီအစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိန့်ခွန်းတစ်ရပ် ပြောကြားသည်။ **(ယာပုံ)**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ယနေ့နံနက် ၃ နာရီတွင် ဖိုရမ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဘယ်လာရုစ်နိုင်ငံ ဘရက်စ်မြို့ရှိ ဘရက်စ်သူရဲကောင်း ခံတပ် အထိမ်းအမှတ်ဝင်း ("Brest Hero Fortress" Memorial Complex) ၌ ကျင်းပပြုလုပ်သည့် ၁၉၄၁ ခုနှစ် ဇွန် ၂၂ ရက်တွင် ဒုတိယကမ္ဘာ(မဟာမျိုးချစ်)စစ်အတွင်း ကျဆုံးခဲ့ရသူများနှင့် ဘယ်လာရုစ်ပြည်သူများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ **"အမျိုးသားအောက်မေ့ဖွယ်နေ့"** (Day of National Remembrance of Victims of the Great Patriotic War and the Genocide of Belarusian People) အထိမ်းအမှတ် နိုင်ငံတကာ ဝတ်ပြုဆုတောင်းပွဲနှင့် စစ်ရေးပြအခမ်းအနားသို့ ဘယ်လာရုစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် နာတာလီယာပတ်ကီဗစ် (Natalya Petkevich)၊ ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ ဗီယာချက်စလပ် ဗိုလိုဒင် (Vyacheslav Volodin)၊ ဖိတ်ကြားထားသော ပြည်ပနိုင်ငံအသီးသီးမှ လွှတ်တော်ဥက္ကဋ္ဌများ၊ အဆင့်မြင့်နိုင်ငံတကာ ကိုယ်စားလှယ်အဖွဲ့များ၊ ဘာသာရေးခေါင်းဆောင်များ၊ ပြည်သူထောင်ပေါင်းများစွာတို့နှင့်အတူ တက်ရောက်ခဲ့ပြီး စစ်ပွဲအတွင်း ကျဆုံးခဲ့ရသည့်ရဲဘော်များနှင့် ပြည်သူများအားရည်စူး၍ ထာဝရမီးလျှံ (Eternal Flame) နှင့် အထိမ်းအမှတ်ကျောက်စာဂူများရှေ့၌ လွမ်းသူ့ပန်းခွေများချထားပြီး တက်ရောက်လာကြသူများနှင့် အတူ တစ်မိနစ်ငြိမ်သက်ကာ အလေးပြုခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ကိုယ်စားလှယ်များ အပါအဝင် လူဦးရေ ၁၅၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဖိုရမ်ကျင်းပရာ Brest Regional Community and Cultural Center ၌ ဒေသစံတော်ချိန် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor SERGEYENKO နှင့် လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးရာ အဆိုပါတွေ့ဆုံပွဲတွင် နှစ်နိုင်ငံဥပဒေများကို လေးစားလိုက်နာပြီး လွှတ်တော်အချင်းချင်း ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❊ *ရှေ့ဖုံးမှ*

ည ၁၂ နာရီအချိန်အထိ ထပ်တိုးသုံးစွဲခွင့်ပြုရန် အစီအစဉ် ရှိ မရှိ" မေးခွန်းအပေါ် ဝန်ကြီး ဒေါက်တာမျိုးသော်က လွှတ်တော်တွင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ယခင်က အဆိုပါတံတားကြီးအား နံနက် ၄ နာရီမှ ည ၁၀ နာရီအထိသာ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုခဲ့ခြင်းကြောင့် ဒလမြို့နယ်၊ တွံတေးမြို့နယ်နှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ဒေသခံပြည်သူများအနေဖြင့် ညဉ့်နက်ပိုင်း ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အရေးပေါ်ကိစ္စရပ်များ ပေါ်ပေါက်လာပါက သွားလာရေးအခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဆွေဆွေဝင်း က ထည့်သွင်းဆွေးနွေးခဲ့သည်။

အဆိုပါ တံတားဖြတ်သန်းခွင့် အချိန်တိုးမြှင့်ပေးလိုက်ခြင်းကြောင့် ဒလ၊ တွံတေးအပါအဝင် အနီးအနားဒေသများမှ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့် အရေးပေါ်ကျန်းမာရေးကိစ္စရပ်များအတွက် သွားလာရေး ပိုမိုအဆင်ပြေချောမွေ့လာတော့မည်ဖြစ်ကြောင်း သိရသည်။

**TWA**

❒ *ရှေ့ဖုံးမှ*

မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနအောက်ရှိ ထိန်းသိမ်းရေးစခန်း ၁၅ ခုတို့တွင် ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံသားမှန်ကန်မှု ရှိ မရှိ စိစစ်ရာတွင် ကာယကံရှင်များ၏ ကိုယ်ပိုင်သဘောထား ဆန္ဒအရ တင်ပြ လျှောက်ထားလာသည့် နေရပ် ပြန်လိုသူများကိုသာ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စိစစ်ပြီးပြန်လည်ပို့ဆောင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ မြန်မာနိုင်ငံသားစိစစ်ရာတွင် စခန်းအလိုက်ပဏာမအဆင့် နိုင်ငံသားစိစစ်နိုင်သူစာရင်းနှင့် စခန်းအလိုက် နေရပ်ပြန် ပို့ဆောင်မည့် လူစာရင်းများအား မြန်မာသံရုံး၏ လူမှုကွန်ရက်စာမျက်နှာ Facebook "Myanmar Embassy in Kuala Lumpur, Malaysia" တွင် ဖော်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **MT**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။**


**မိုးထစ်ချုန်း ရွာမည်**

**နေပြည်တော် ဇွန် ၂၂**

ဇွန် ၂၃ ရက်တွင် နေပြည်တော်နှင့် ရန်ကုန်မြို့ အနီးတစ်ဝိုက်၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Phoenix သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုအား လက်ခံဖြေကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေစဉ်အတွင်း Phoenix သတင်းဌာန၊ Phoenix TV မှ Ms. Liu Meixi ၏ တွေ့ဆုံမေးမြန်းမှုများကို ဇွန် ၁၉ ရက်က လက်ခံဖြေကြားခဲ့သည်။ ထိုသို့ Phoenix သတင်းဌာန၏ မေးမြန်းမှုအပေါ် နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်-



**တွေ့ဆုံမေးမြန်းသူ။** ပထမဆုံးအနေနဲ့ သမ္မတကြီးကို အခုလို သာယာလှပတဲ့ ဟန်ကျိုးမှာ ကျွန်မ မေးမြန်းခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံတကာမီဒီယာတွေမှာ သမ္မတကြီး ပြောဆိုခဲ့တဲ့ မိန့်ခွန်းတွေ၊ ပြောဆိုမှုတွေ၊ ဖြေကြားမှုတွေကို လေ့လာတွေ့ရှိရပါတယ်။ ပထမဆုံးမေးချင်တဲ့ မေးခွန်းလေးကတော့ ဒီမီဒီယာတွေမှာ ပြောဆိုမှုတွေနဲ့ ပတ်သက်ပြီး သမ္မတကြီးက တိုင်းပြည်အပေါ် စေတနာထားသူ၊ တိုင်းပြည်အတွက် လက်ရှိကာလမှာရော၊ နောင်အနာဂတ်မှာပါ တိုင်းပြည်ကောင်းအောင် အဓိကဦးစားပေးပြီး စေတနာထား ဆောင်ရွက်ချင်တဲ့ နိုင်ငံရေးပညာရှင်တစ်ဦး ဖြစ်ပါတယ်။ ဒီမှတ်ချက်ပေးမှုနဲ့ ပတ်သက်ပြီး သမ္မတကြီးအနေနဲ့ ဘယ်လိုမြင်ပါသလဲရှင့်။

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်။** ခေါင်းဆောင်တစ်ယောက်၊ ဘယ်ခေါင်းဆောင်ပဲဖြစ်ဖြစ်၊ ဘယ် Level မှာပဲဖြစ်ဖြစ် ခေါင်းဆောင်ဆိုတာတော့ သူတာဝန်ယူရတဲ့ လုပ်ငန်းအပေါ်မှာ၊ ဌာနအပေါ်မှာ ဘယ်လိုကောင်းအောင်လုပ်မလဲဆိုတဲ့ စိတ်ရှိရင် အဲဒီလုပ်ငန်းတို့၊ ဌာနတို့က အမြဲတမ်းတိုးတက်ပါတယ်။ ဒါက ကောင်းအောင် လုပ်မယ်ဆိုတဲ့စိတ်၊ ကောင်းတဲ့ စိတ်မွေးတာပါ။ ကျွန်တော်လည်း ဒီလိုပါပဲ၊ အရင်က ကျွန်တော်တာဝန်ယူခဲ့တဲ့ ဌာနမှာဆိုရင် ကျွန်တော်ဘယ်လိုကောင်းအောင် လုပ်မယ်ဆိုတဲ့ စိတ်နဲ့ပဲ လုပ်ခဲ့ပါတယ်။ အောက်ခြေ Level ကနေစပြီးတော့ အဆင့်မြင့် တာဝန်ထမ်းဆောင်တဲ့အထိ ဒီလိုပဲ လုပ်တယ်။

အခု နိုင်ငံတော်တာဝန်ယူတဲ့အခါမှာလည်း နိုင်ငံတော်ကို ဘယ်လိုကောင်းအောင်လုပ်မလဲဆိုတဲ့ စိတ်နဲ့ လုပ်ပါတယ်။ စိတ်ကူးဆိုတာ ရှိတယ်၊ ဒီလိုလုပ်ရင် ဘယ်လိုဖြစ်နိုင်မလဲဆိုတာ ရှိကြတယ်၊ ဒါကို ရအောင်အကောင်အထည်ဖော်ရတယ်၊ အဲဒီမှာ ခိုင်မာတဲ့စိတ်ရှိဖို့ လိုတယ်၊ သူများပြောရင် ဟုတ်နိုးနိုး ဒီလိုလုပ်နေလို့တော့ မရဘူး။ ကိုယ် ဘာလုပ်ချင်တာလဲ၊ လုပ်ချင်တာက မှန်ဖို့လည်းလိုတယ်၊ မမှန်ရင် ဒီဟာက အကျိုးရှိမှာ မဟုတ်ဘူး။ ပြဿနာတွေရှိလာလိမ့်မယ်၊ ဖြစ်ပျက်နေတဲ့ ကဏ္ဍတွေမှာ ကြည့်လိုက်ရင် ဒီအတိုင်းပဲ ကျွန်တော်တွေ့တယ်၊ ဒီလိုစိတ်ရင်းနဲ့ လုပ်တယ်လို့ ကျွန်တော်ပြောချင်တာပါ။

**တွေ့ဆုံမေးမြန်းသူ။** မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတကြီး အခုဖြေခဲ့တာကို အားရကျေနပ်မိပါတယ်။ ကျွန်မအနေနဲ့ ၂၀၂၃ ခုနှစ်က မြန်မာနိုင်ငံကို ရောက်ခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံဟာဆိုရင် သဘာဝအရင်းအမြစ်တွေနဲ့ ပြည့်စုံပြီး နယ်ပယ်ပေါင်းစုံမှာ တိုးတက်နိုင်တဲ့ အလားအလာတွေ အများကြီးရှိနေပါတယ်။ ဒီအလားအလာတွေအထဲမှာမှ ၂၀၂၆ ခုနှစ်မှာ သမ္မတကြီးအနေနဲ့ ပြည်သူလူထုတွေရဲ့ လူနေမှုဘဝ၊ အသက်အိုးအိမ်စည်းစိမ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လို နယ်ပယ်၊ အခန်းကဏ္ဍတွေကနေ ဆောင်ရွက်သွားမလဲဆိုတာကို သိရှိလိုပါတယ်ရှင့်။

**နိုင်ငံတော်သမ္မတ။** ကျွန်တော်တို့ဆီမှာ သဘာဝအရင်းအမြစ်တွေ ရှိတယ်၊ ထုတ်ကုန်ပစ္စည်းတွေရှိတယ်၊ နှစ်မျိုးရှိပါတယ်။ နောက်ပြီး လူသားအရင်းအမြစ်တွေရှိတယ်။ ဒီသုံးခုကို ဘယ်လို အသုံးချမလဲ စဉ်းစားရပါတယ်။ ကျွန်တော်ရဲ့ မူဝါဒကတော့ သဘာဝအရင်းအမြစ်တွေ၊ ထုတ်ကုန်ပစ္စည်းတွေကို ကုန်ကြမ်းအနေနဲ့ ရောင်းတာမျိုး မနှစ်သက်ဘူး။ ဒီဟာကို တစ်ဆင့်မြှင့်ပြီး တန်ဖိုးမြှင့်ပြီးသွားတာမျိုးဖြစ်အောင် လုပ်ရမယ်။ ဘာလဲဆိုတော့ လုပ်ငန်းတွေ တိုးချဲ့ပေးတဲ့ သဘော၊ အလုပ်အကိုင်တွေ ပိုရအောင်လုပ်ပေးတဲ့သဘောပါ။ ကျွန်တော်တို့ဆီမှာ စိုက်ပျိုးရေးထုတ်ကုန်တွေ ရှိတယ်၊ တွင်းထွက်ပစ္စည်း၊ မြေပေါ်မြေအောက်သယံဇာတပစ္စည်းတွေရှိတယ်။

ခုနကပြောတဲ့ စိုက်ပျိုးရေးလုပ်ငန်းမှာဆိုရင် စိုက်ပျိုးရေးထုတ်ကုန်တွေကို အားပေးရမယ်။ ဒါတွေလုပ်နိုင်ဖို့ဆိုရင် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းတွေကို အားပေးမှရမယ်။ ဒီလိုလုပ်နိုင်ရင် အခြေခံလူတန်းစားတွေအတွက် အလုပ်တွေအများကြီးရမယ်။ နောက်တစ်ခုက နည်းပညာနဲ့ပတ်သက်တာတွေလည်း ကျွန်တော်တို့ တစ်ဆင့်သွားမယ်၊ မသွားလို့လည်းမရဘူး၊ ဒီခေတ်က ကျန်ခဲ့လို့မရဘူး၊ နည်းပညာနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေ၊ ဥပမာ စိုက်ပျိုးရေးလုပ်ငန်းဆိုရင် နည်းပညာနဲ့သွားတဲ့ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုတို့ဆိုရင်လည်း နည်းပညာနဲ့ လုပ်တဲ့လုပ်ငန်း၊ ဒီလိုသွားမှ ရမှာပါ။ ဒီလို အားပေးမှ ပြည်သူတွေကလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ များများရပြီးတော့ ဝင်ငွေရလာရင် သူတို့ရဲ့ ဥစ္စာခနေကြွယ်ဝမှုနဲ့ သူတို့ရဲ့ လူမှုစီးပွားက တက်လာလိမ့်မယ်။ တိုင်းပြည်က တက်လာမယ့် သဘောပါ။ ဒါကို ကျွန်တော်က ဦးတည်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။** ဒီသုံးသပ်ချက် အပေါ်မှာလည်း လယ်ယာစိုက်ပျိုးရေးထုတ်ကုန်တွေကို တိုးမြှင့်ထုတ်လုပ်ပြီးတော့ ပြည်သူလူထုရဲ့ လူနေမှုဘဝတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်မယ်လို့ သမ္မတကြီးအနေနဲ့ ပြောသွားတာကို ကျေးဇူးတင်ပါတယ်။ ဆက်စပ်မေးလိုတာကတော့ ကျွန်မတို့ တရုတ်-မြန်မာ နှစ်နိုင်ငံရဲ့ စီးပွားရေးစင်္ကြံအကြောင်းဖြစ်ပါတယ်။ ၂၀၂၆ ခုနှစ်မှာ ၇၆ နှစ် တိုင်ခဲ့ပြီဖြစ်တဲ့ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးကနေ ခုနက သမ္မတကြီး ပြောကြားခဲ့တဲ့ ထုတ်ကုန်တွေကို ဒီစီးပွားရေးစင်္ကြံ Platform ကို အသုံးပြုပြီးတော့ ဘယ်လိုအခန်းကဏ္ဍကနေ ဆောင်ရွက်သွားမလဲရှင့်။

**နိုင်ငံတော်သမ္မတ။** ကျွန်တော်တို့မှာ ရှည်လျားတဲ့ သမိုင်းကြောင်းတွေ ရှိတယ်၊ (၇၆)နှစ်ဆိုတဲ့ သံတမန်ဆက်ဆံရေးပါ၊ ဒါပေမယ့် ကျွန်တော်တို့ဆက်ဆံတာ နှစ်ပေါင်းများစွာ ရှိပါပြီ၊ ဟိုးအရင်ကတည်းက ကူးသန်းရောင်းဝယ်မှုတွေ လုပ်ခဲ့ကြတယ်၊ ဒါတွေကို အသုံးချရမှာပါ၊ ခုနကပြောတဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေ၊ မွေးမြူရေးထုတ်ကုန်တွေ၊ သယံဇာတပစ္စည်းထုတ်ကုန်တွေ၊ ဒါတွေကို မြန်မာနိုင်ငံမှာ ကုန်ချောအဖြစ် ထုတ်ပြီးတော့ တရုတ်နိုင်ငံကို တင်ပို့တာမျိုးပါ။ တရုတ်နိုင်ငံက ကြီးမားတဲ့ ဈေးကွက်ကြီးပါ။ ခင်ဗျားတို့နိုင်ငံက လူဦးရေ သန်းပေါင်း ၁၄၀၀ ကျော်လောက်ရှိတယ်၊ ကျွန်တော်တို့အတွက် ကြီးမားတဲ့ဈေးကွက်ကြီးတစ်ခုဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က အသုံးချဖို့လိုတယ်။

ရောင်းတယ်ဆိုတာလည်း သုံးတဲ့သူက အသုံးလိုဖို့ လိုအပ်ပါတယ်။ အသုံးလိုတဲ့ပစ္စည်းကို ကျွန်တော်တို့က ထုတ်ပေးနိုင်ဖို့ လိုတယ်၊ ခင်ဗျားတို့ လိုအပ်တာကို ကျွန်တော်တို့က ထုတ်ပြီး ရောင်းနိုင်ရမယ်၊ ဒါကို ကျွန်တော်တို့က ရအောင်အကောင်အထည်ဖော်ရမှာပါ။ ကျွန်တော်အခုလာတဲ့ ခရီးစဉ်မှာ နှစ်ဖက်ကုန်သွယ်မှုမြှင့်တင်ဖို့၊ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံပြီး အလုပ်လုပ်ဖို့၊ ရင်းနှီးမြှုပ်နှံပြီး ထွက်လာတဲ့ပစ္စည်းကို တရုတ်နိုင်ငံကို ပြန်ရောင်းတာလည်း ဖြစ်ရင်ဖြစ်မယ်၊ တခြားနိုင်ငံကို ရောင်းတာလည်း ဖြစ်ရင်ဖြစ်မယ်၊ မြန်မာနိုင်ငံမှာ ရောင်းတာလည်း ဖြစ်ရင်ဖြစ်မယ်၊ ဒီလို သွားရမှာပါ။

ဒီလိုလုပ်မယ်ဆိုရင် ဒီစီးပွားရေးစင်္ကြံက အလုပ်ဖြစ်ပါတယ်။ စီးပွားရေးစင်္ကြံက အောင်မြင်တယ်လို့ ပြောလို့ရတယ်။ ဒါပေမယ့် အဲဒီလမ်းကြောင်းဟာ ချောမွေ့နေဖို့တော့ လိုတယ်၊ လုံခြုံချောမွေ့နေဖို့ လိုတယ်၊ လုံခြုံချောမွေ့နေအောင် ကျွန်တော်တို့ ဖန်တီးရမယ်၊ ရထားလမ်းတွေ၊ ကားလမ်းတွေ ကောင်းအောင် ကျွန်တော်တို့ လုပ်ပေးရမယ်၊ နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်မှုတွေ၊ နယ်စပ်ဒေသကူးသန်းရောင်းဝယ်မှုတွေ အကုန်ကောင်းအောင် လုပ်ပေးရမယ်။ ဒီခေတ်က နည်းပညာခေတ်ဖြစ်တဲ့အတွက် နည်းပညာကို အသုံးချပြီးတော့မှ ကူးလူးဆက်ဆံမှုတွေ လုံလုံခြုံခြုံနဲ့ ခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်ပေးရမယ်။ သာမန်ဈေးရောင်းဈေးဝယ်မျိုးတော့ လုပ်လို့မရဘူး။ ကဏ္ဍပေါင်းစုံကနေ လုပ်ရမယ့်ဟာတွေရှိပါတယ်။ တော်တော်လေး ကျယ်ပြန့်ပါတယ်။ ဒါကို ကျွန်တော်တို့က ခိုင်ခိုင်မာမာဖြစ်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။** ကျေးဇူး တင်ပါတယ်။ သမ္မတကြီးအနေနဲ့ တရုတ်နိုင်ငံနဲ့ ပတ်သက်ပြီး ကုန်သွယ်မှုနဲ့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေကို တိုးတက်အောင် ဆောင်ရွက်သွားမယ်ဆိုပြီး ပြောခဲ့တာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး သမ္မတကြီးကို မေးမြန်းလိုတာက တရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု ပိုမိုနက်ရှိုင်းစွာဆောင်ရွက်လာနိုင်ဖို့အတွက် မြန်မာနိုင်ငံအစိုးရအနေနဲ့ တရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေအတွက် သက်သာတဲ့ မူဝါဒတွေ၊ ထောက်ပံ့မယ့် မူဝါဒတွေနဲ့ မြန်မာ့ဈေးကွက်ကို သတိထားမိအောင် ဘယ်လိုမျိုး ဆောင်ရွက်ဖို့ရှိပါသလဲ။ နိုင်ငံတကာဈေးကွက်နဲ့ အာဆီယံဈေးကွက်မှာ ဝင်ဆံ့မှုအတိုင်းအတာတို့နဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံအနေနဲ့ ဘယ်လိုမူဝါဒတွေ စဉ်းစားထားတာ ရှိပါသလဲ။

**နိုင်ငံတော်သမ္မတ။** မြန်မာနိုင်ငံအတွက် တရုတ်နိုင်ငံက အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုမှာ တရုတ်နိုင်ငံက အများဆုံးဖြစ်ပါတယ်။ ကုန်သွယ်ဖက်မှာလည်း ကျွန်တော်တို့အတွက် အကြီးဆုံးနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှုမှာလည်း တရုတ်နိုင်ငံက အများဆုံးနိုင်ငံပါ။ ဒါကို ဆက်လက်ပြီးတိုးချဲ့ဖို့ ရည်ရွယ်တာပါ။ ခင်ဗျားတို့နိုင်ငံမှာ ကြီးမားတဲ့ ဈေးကွက်ကြီးရှိသလိုပဲ ကျွန်တော်တို့နောက်မှာလည်း လူဦးရေ သန်းပေါင်း ၁၄၀၀ ကျော်ရှိတဲ့ ကမ္ဘာမှာ လူဦးရေအများဆုံးဖြစ်တဲ့ အိန္ဒိယနိုင်ငံရှိတယ်။ ပြီးတော့ လူဦးရေသန်းပေါင်း ၁၆၀ လောက်ရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိတယ်။ လူဦးရေသန်းပေါင်း ၇၀ ကျော်ရှိတဲ့ ထိုင်းနိုင်ငံရှိတယ်၊ ခုနကပြောတဲ့ အာဆီယံနိုင်ငံတွေ တစ်ဆက်တည်းပါ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အရှေ့ဘက်သွားရင် ကမ္ဘောဒီးယား၊ လာအိုတို့ ရှိပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ လာလုပ်မယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှု ဥပဒေရှိတယ်၊ နိုင်ငံတကာမှာတော့ ဒေါ်လာငွေကြေး သုံးကြတယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအတွက် ယွမ်ငွေကိုလည်း ဥပဒေအရ ပေးထားတယ်၊ လာတဲ့စီးပွားရေးလုပ်ငန်းရှင်တွေ ဗီဇာနဲ့ပတ်သက်ပြီး ကန့်သတ်ချက် လုပ်မထားဘူး၊ အကုန်ဆောင်ရွက်ပေးတယ်၊ One Stop Service တွေ လုပ်ပေးထားတယ်။ အခက်အခဲတွေမဖြစ်အောင်ပါ။ ဥပဒေအရလည်း အကာအကွယ်အကုန်ပေးထားပါတယ်။ ဒါကို နှစ်နိုင်ငံ သဘောတူပြီးသားရှိတယ်။

ကျွန်တော်တို့နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ထွက်လာတဲ့ထုတ်ကုန်ပစ္စည်းတွေကို အနောက်ဘက်ကို သွားမလား၊ အာဆီယံဈေးကွက်ကို သွားမလား၊ ဒီလိုသွားလို့ရတယ်။ အနောက်ဘက်ဆို အိန္ဒိယရှိတယ်၊ ဘင်္ဂလားဒေ့ရှ်ရှိတယ်၊ ပြီးတော့ ပင်လယ်ရေကြောင်းကနေ သွားလို့ရတဲ့ လမ်းကြောင်းတွေလည်းအများကြီးရှိတယ်၊ ဒါကို ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် လုပ်ပေးမယ်၊ ဥပဒေအရလည်း အကာအကွယ်ပေးထားတယ်။ သို့သော်လည်း သီးခြားတော့ အကာအကွယ်ပေးလို့မရဘူး။ ဥပဒေဆိုတာ အဖွဲ့အစည်းတစ်ခုကို သီးခြားကာကွယ်ပေးလို့ မရပါဘူး။ အကုန်လုံးနဲ့ တူညီတဲ့ အခွင့်အရေးပေးရမယ်။ နိုင်ငံပေါင်းများစွာ ဆက်ဆံရတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ကတော့ လုပ်မယ်ဆိုရင် အောင်မြင်မှုရလိမ့်မယ်၊ တရုတ်နိုင်ငံအတွက်လည်း အထောက်အကူရလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ခုနက တစ်ချက်ကျန်ခဲ့တာက နယ်စပ်မှာ ကုန်သွယ်မှုအတွက် ပေးချေတဲ့အခါ ယွမ်ငွေနဲ့ ကျပ်ငွေ ပေးချေခွင့်ပေးထားပါတယ်။ တရုတ်ကုန်သည်တွေက မြန်မာနိုင်ငံက ပစ္စည်းဝယ်မယ်ဆို ယွမ်နဲ့ပေး၊ ဘဏ်ချင်းလည်း သဘောတူပြီးသား ရှိတယ်၊ ခွင့်ပြုထားပါတယ်။ ကျွန်တော့်လက်ထက်မှာ စပြီး ခွင့်ပြုခဲ့တာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။** ဟုတ်ကဲ့ပါ။ ဒါက ကျွန်မ စိတ်ဝင်စားတဲ့ နယ်ပယ်လည်းဖြစ်ပါတယ်။ ဒီလို ယွမ်ငွေနဲ့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံခွင့် ပေးလိုက်တာကိုလည်း ကျွန်မတို့အနေနဲ့ စိတ်ဝင်စားမှုရှိပါတယ်။ ဒီအပေါ်မှာ သမ္မတကြီးအနေနဲ့ ယွမ်ငွေနဲ့ ရင်းနှီးမြှုပ်နှံတဲ့အတွက် မြန်မာနိုင်ငံရဲ့ GDP ဘယ်လောက်တိုးတက်လာနိုင်တယ်လို့ သုံးသပ်ထင်မြင်ပါသလဲရှင့်။

**နိုင်ငံတော်သမ္မတ။** GDP ဆိုတာကတော့ အခြေအနေ သုံးရပ်အပေါ် မူတည်ပါတယ်။ လယ်ယာ ကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနဲ့

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ဝန်ဆောင်မှုကဏ္ဍကြီးအပေါ်မှာ မူတည်ပြီး တက်လာတာပါ။ သို့သော် တစ်ခုလုပ်လိုက်တာနဲ့ ဆင့်ကဲဆင့်ကဲပါလာတဲ့ အကျိုးဆက်တွေရှိတယ်။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ GDP ကနည်းပါတယ်။ တရုတ်နိုင်ငံရဲ့ ပြည်နယ်အဆင့်ဆိုရင်တောင် ကျွန်တော်တို့နိုင်ငံထက် များပါတယ်။ ကျွန်တော်တို့က ဒီထက်ပိုပြီး တိုးတက်အောင်လုပ်ဖို့ ရည်ရွယ်ချက် ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုကနေ လုပ်တာရှိပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်ကလည်း Production ကို တိုးချဲ့မှရမယ်။ အဲဒီလိုတိုးချဲ့မှ GDP က တက်လာပါမယ်။ ရင်းနှီးမြှုပ်နှံမှု လုပ်တဲ့အတွက်ကြောင့် ကဏ္ဍပေါင်းစုံက ထုတ်လုပ်မှုတွေ များလာမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ များလာမယ်။ အဲဒါနဲ့ ဆက်စပ်ပြီး နောက်ဆုံးဝန်ဆောင်မှုမှာ တက်လာမယ်။ ဒါက ထပ်ဆင့်တက်လာမယ့်ကိစ္စဖြစ်တဲ့အတွက် မှန်းရခက်ပါတယ်။ နှစ်ဆလောက်တော့ တက်လိမ့်မယ်လို့ ထင်ပါတယ်။ တရုတ်နိုင်ငံနဲ့ လက်ရှိ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ခြင်းကနေဖြစ်လာမယ့် အကျိုးဆက်က GDP နှစ်ဆလောက် တက်လာမယ်လို့ မျှော်လင့်ပါတယ်။ ဘာကြောင့်ဆိုတော့ ကျွန်တော်တို့မှာ လုပ်နိုင်တဲ့ အခွင့်အလမ်းတွေ ရှိပါတယ်။ လုပ်နိုင်ဖို့ပဲလိုတာပါ။ လုပ်နိုင်ဖို့ကိုလည်း ပူးပေါင်းဆောင်ရွက်လုပ်ရပါမယ်။ ဒါကြောင့် ဒီဟာကို ကျွန်တော် အင်မတန်အားထည့်ပြီး ဆောင်ရွက်နေတာပါ။

**တွေ့ဆုံမေးမြန်းသူ။** ကျေးဇူးတင်ပါတယ် သမ္မတကြီးရှင့်။ ကျွန်မ သတင်းစဉ်တွေမှာ တွေ့ရတဲ့အတိုင်းဆိုရင် သမ္မတကြီးအနေနဲ့ တရုတ်နိုင်ငံကို လာရောက်တဲ့အချိန်မှာ တရုတ်နိုင်ငံက စက်ရုံ အလုပ်ရုံ နယ်ပယ်ပေါင်းစုံကို သွားခဲ့ပါတယ်။ ဥပမာပြောရရင် အာကာသနဲ့ ပတ်သက်တဲ့ ပြခန်းတွေ၊ စက်ရုံ အလုပ်ရုံတွေကို သွားခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ နည်းပညာကိုမူတည်ပြီး မြန်မာနိုင်ငံရဲ့ ဘယ်နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်လိုတယ်၊ မြှင့်တင်ဖို့ ဆန္ဒရှိတယ်ဆိုတာ ကျွန်မအနေနဲ့ သိရှိလိုပါတယ်။

**နိုင်ငံတော်သမ္မတ။** တရုတ်နိုင်ငံရဲ့ နည်းပညာမြင့်မားမှု နယ်ပယ်က အတော်လေးကို ကျယ်ပြန့်ပါတယ်။ အိုင်တီနဲ့ အာကာသ၊ စက်မှုလုပ်ငန်းရှိတယ်၊ ယဉ်ကျေးမှုနဲ့ ပတ်သက်တာ၊ သယ်ယူပို့ဆောင်ရေးနဲ့ ပတ်သက်တာ စတဲ့ကဏ္ဍတွေ ပေါင်းစုံရှိပါတယ်။ ပူးပေါင်းဆောင်ရွက်မှုလုပ်မယ်ဆို ကဏ္ဍပေါင်းစုံကို ပူးပေါင်းဆောင်ရွက်ရမယ့် သဘောရှိပါတယ်။ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခြေအနေရှိအောင်လည်း ကျွန်တော်တို့ဘက်ကလည်း ကြိုးစားရမှာပါ။ တရုတ်နိုင်ငံရဲ့ နည်းပညာမြင့်မားမှုကို ကျွန်တော်တို့အနေနဲ့ လိုက်လုပ်နိုင်ဖို့ လိုပါတယ်။ တရုတ်နိုင်ငံရဲ့ နည်းပညာမြင့်မားမှုကလည်း အတော်လေးကို မြန်ပါတယ်။ နည်းပညာတွေက အချိန်နဲ့တစ်ပြေးညီ ခဏခဏပြောင်းလဲနေတာပါ။

ဥပမာ ကျွန်တော် ပြီးခဲ့တဲ့ ၂၀၂၄ ခုနှစ်က ရောက်ခဲ့တဲ့အချိန်မှာ တချို့လုပ်ငန်းတွေ ကြည့်ခဲ့တယ်၊ ၂၀၂၅ ခုနှစ် ရောက်ခဲ့တဲ့ အချိန်မှာ တချို့လုပ်ငန်းတွေ ကြည့်ခဲ့တယ်၊ ၂၀၂၆ ခုနှစ် ရောက်ခဲ့တဲ့ အချိန်မှာလည်း တချို့လုပ်ငန်းတွေ ကြည့်တယ်၊ ၂၀၂၄ ခုနှစ် အခြေအနေ၊ ၂၀၂၅ ခုနှစ် အခြေအနေတွေက ပြောင်းလဲသွားပြီ၊ ဒါပေမယ့် ကျွန်တော်တို့က ၂၀၂၄ ခုနှစ်ရဲ့ အခြေအနေ ရောက်အောင်တောင် အတော်လေးလုပ်ရမယ့် အခြေအနေမှာ ရှိပါတယ်။ ကျွန်တော်တို့ လူတွေကလည်း ပြင်ဆင်မှုလိုအပ်ပါတယ်။ ပြင်ဆင်မှုအတွက် တရုတ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုလည်း လိုပါတယ်။ နည်းပညာကတော့ ကဏ္ဍပေါင်းစုံကနေ လုပ်ဖို့ရှိပါတယ်။ ကျယ်လည်း ကျယ်ဝန်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကို ကျွန်တော်တို့ မျှော်မှန်းပြီး လုပ်ဆောင်ဖို့ ရှိပါတယ်။

**တွေ့ဆုံမေးမြန်းသူ။** ကျေးဇူးတင်ပါတယ်။သမ္မတကြီးအနေနဲ့ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းကို လုံခြုံပြီး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ရမယ်လို့ ခုနကပြောခဲ့ပါတယ်။ အဲဒါမှ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မယ်လို့ ပြောခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး သမ္မတကြီးကို မေးမြန်းလိုတာကတော့ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် နယ်စပ်ဒေသစီမံခန့်ခွဲမှုဆိုင်ရာမှာ ဘယ်လိုမူဝါဒတွေရှိတယ်၊ ပြီးတော့ မြန်မာနိုင်ငံ နယ်စပ်ဒေသမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ တရုတ်လုပ်ငန်းရှင်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေအပေါ် လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုအာမခံချက်မျိုး စီမံဆောင်ရွက်ဖို့ ရှိပါသလဲ။

**နိုင်ငံတော်သမ္မတ။** ပွင့်ပွင့်လင်းလင်းပြောရရင် လောလောဆယ် အနေအထားမှာ နယ်စပ်ဒေသလုံခြုံအေးချမ်းရေးက အားနည်းပါတယ်။ ဒါက ကျွန်တော်တို့ နှစ်ဖက်အစိုးရတွေအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ နယ်စပ်ဒေသစီမံခန့်ခွဲမှုက အစိုးရနဲ့ပဲဆိုင်ပါတယ်။ အစိုးရကပဲ လုပ်လို့ရတယ်။ တခြားအဖွဲ့အစည်းက ဝင်လုပ်လို့မရပါဘူး။ နယ်စပ်ဒေသစီမံခန့်ခွဲရေးသာမက နယ်စပ်ဒေသကုန်သွယ်ရေးကိစ္စ၊ နှစ်နိုင်ငံ Cross Border Trade နဲ့ ပတ်သက်ပြီး အစိုးရကပဲ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က ရအောင်ဖန်တီးရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဖြစ်ပျက်နေတဲ့ ပြဿနာတွေကို ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ဖို့အတွက် ကြိုးစားရမှာဖြစ်ပါတယ်။

တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုလုံခြုံရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ အများကြီးလုပ်ပေးနေပါတယ်။ အခက်အခဲရှိခဲ့တာတော့ အမှန်ပါ။ အတော်လေး ကျော်လွှားခဲ့ရပါတယ်။ အခုအချိန်မှာ အခြေအနေတော်တော်လေး ကောင်းပါတယ်။ နိုင်ငံရေးကလည်း ပြောင်းလဲမှုတွေ လုပ်ထားပါတယ်။ တချို့ကိစ္စတွေက နိုင်ငံရေးကြောင့် ဖြစ်လာတဲ့ ပြဿနာတွေဖြစ်ပါတယ်။ တချို့ကိစ္စကျတော့ တိုင်းရင်းသားရေးကြောင့် ဖြစ်လာတဲ့ ပြဿနာတွေဖြစ်ပါတယ်။ ဒါတွေကို ဥပဒေနဲ့အညီ လွှတ်တော်မှာ ဖြေရှင်းရပါတယ်။ လိုအပ်တဲ့ လုံခြုံရေးအကာအကွယ်တွေကို သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေက ပေးပါတယ်။ တစ်ယောက်ချင်းတော့ မပေးနိုင်ပေမယ့် ဌာနနဲ့ပတ်သက်တဲ့၊ လုပ်ငန်းနဲ့ ပတ်သက်တဲ့ လုံခြုံရေးကို သက်ဆိုင်ရာ အဖွဲ့အစည်းတွေက ဆောင်ရွက်ပေးပါတယ်။ ဒါနဲ့ပတ်သက်ပြီး ထိထိရောက်ရောက်လည်း အရေးယူပါတယ်။ လက်ရှိ ဖြစ်ပျက်နေတဲ့ ပြဿနာထဲမှာ နယ်စပ်ဒေသမှာ အွန်လိုင်းလောင်းကစားမှု ပြဿနာတွေရှိတယ်။ ဒါတွေကို နှိမ်နင်းနေတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံ ပူးပေါင်းပြီး နှိမ်နင်းနေတာတွေလည်း ရှိပါတယ်။ ကျူးလွန်သူတွေကိုလည်း တရုတ်နိုင်ငံကို အကုန်လွှဲပြောင်းပေးလိုက်ပါပြီ။ ဥပဒေကိုချိုးဖောက်ပြီး လာရောက်လုပ်ကိုင်မယ့်လုပ်ငန်းတွေ မလာရဲအောင် လုပ်ရမယ်။ မလုပ်နိုင်အောင်လည်း လုပ်ရမယ်။ နှစ်ဖက်လုပ်မှ ရမယ်၊ တစ်ဖက်တည်းကတော့ လုပ်လို့မရဘူး။ ဒါကတော့ နယ်စပ်ဒေသ Cross Border နဲ့ ပတ်သက်တာပါ။ ပြည်တွင်းလုံခြုံရေးကျတော့ ကျွန်တော်တို့နဲ့ ဆိုင်ပါတယ်။ လုပ်ပေးပါတယ်၊ အဲဒီအပြင် တရုတ်နိုင်ငံရဲ့ လုံခြုံရေးနဲ့ ပတ်သက်ပြီး နှစ်ဖက်ပူးပေါင်းပြီး လုပ်ဆောင်တဲ့ အဖွဲ့အစည်းကိုလည်း ခွင့်ပြုပေးထားပါတယ်။ ဒီလိုမျိုး ရင်းနှီးမြှုပ်နှံမှုနဲ့ လူပုဂ္ဂိုလ်လုံခြုံရေးတွေ လုပ်ပေးထားတယ်ဆိုတာလည်း ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။** ဟုတ်ကဲ့၊ သမ္မတကြီးကို အခုလို မေးမြန်းခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ သမ္မတကြီးရဲ့ ဦးဆောင်မှုအောက်မှာ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတာ ကျွန်မတို့ ယုံကြည်ပါတယ်ရှင့်။

**နိုင်ငံတော်သမ္မတ။** ကောင်းပါပြီ။



## မိတ္ထီလာစီးပွားရေးတက္ကသိုလ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် လူငယ်တွေ့ဆုံပွဲကျင်းပ

**မိတ္ထီလာ ဇွန် ၂၂**

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲနှင့် လူငယ်တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၌ ကျင်းပရာ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဌာနမှူးဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွဲ့ဝင်များနှင့်အတူ ပျိုးပင်များကို ဦးဆောင်စိုက်ပျိုးပေးပြီး တက်ရောက်လာသူများက သတ်မှတ်နေရာများ၌ ပျိုးပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပသည့် လူငယ်တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး မိတ္ထီလာစီးပွားရေးတက္ကသိုလ်အတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများက သိလိုသည်များ မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အလေးမဒိုင်နှင့်နည်းပြမွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၂**

အားကစားရေးရာ ဝန်ကြီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အလေးမဒိုင်နှင့် နည်းပြမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဦးညီညီ၊ နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

### တိုက်တွန်းမှာကြား

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အလေးမအားကစား အဆင့်အတန်း တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ ယခု အလေးမဒိုင်နှင့် နည်းပြမွမ်းမံသင်တန်းအား ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမှုများကို စိတ်ဝင်စားစွာဖြင့် ထိထိမိမိ သင်ယူလေ့လာသွားရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

အဆိုပါ အလေးမဒိုင်နှင့် နည်းပြမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) တွင် သင်တန်းနည်းပြလေးဦးတို့က သင်တန်းသား သင်တန်းသူ ၃၂ ဦးတို့ကို နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ ဇွန် ၂၂ ရက်မှ ၂၆ ရက်အထိ သင်တန်းကာလ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကုလသမဂ္ဂ၏ စွက်ဖက်မှုနှင့် လစ်ဟာမှုများ

**မောင်အေးချမ်း (နေပြည်တော်)**

> **“ မြန်မာနိုင်ငံအား ဆိုက်ဘာရာဇဝတ်မှုများ၏ ကမ္ဘာလုံးဆိုင်ရာဗဟိုချက် (epic center) အဖြစ် စွပ်စွဲဖော်ပြခဲ့သည်ကို တွေ့ရှိရသည် (A/80/307- အပိုဒ် ၁၇/ ၅-၈-၂၀၂၅)။ မြန်မာအစိုးရသည် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်ပါ ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာနှိမ်နင်းဆောင်ရွက်လျက်ရှိ၊ ထို့ပြင် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူကြမ်းတစ်ရပ်ကိုလည်း လွှတ်တော်တွင် ဆွေးနွေးလျက်ရှိ၊ သို့ရာတွင်လည်း အစိုးရ၏ ဆောင်ရွက်ချက်များကို မျက်ကွယ်ပြုပြီး ယခုကဲ့သို့ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် တစ်ဖက်သတ်ဆန်စွာ တံဆိပ်ကပ် ဖော်ပြခဲ့ခြင်းသည် အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံအွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များကို လေ့လာနိုင်စွမ်းအပေါ် မေးခွန်းထုတ်ဖွယ်ရာဖြစ် ”**

မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးအခြေအနေအပေါ် မူတည်ပြီး “ဝင်ရောက်ဖျန်ဖြေခြင်း” ဟူသည့် အကြောင်းပြချက်ဖြင့် ကုလသမဂ္ဂအနေဖြင့် အနောက်နိုင်ငံအုပ်စုများ၏ ကြိုးဆွဲရာအတိုင်း ကုလသမဂ္ဂယန္တရားအမျိုးမျိုးကို အသုံးပြုလျက် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခဲ့ပါသည်။ ယင်းကဲ့သို့သော ကုလသမဂ္ဂယန္တရားများထဲတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် (UN Special Envoy) အခန်းကဏ္ဍလည်း အပါအဝင်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

**မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး/အထူးကိုယ်စားလှယ် ပေါ်ပေါက်လာပုံနှင့် ထိတွေ့ဆက်ဆံမှု**

အတိတ်ကိုပြန်လည် ဆန်းစစ်ရမည်ဆိုပါက ၁၉၉၀ ပြည့်လွန်နှစ်များမှစတင်၍ မြန်မာ့အရေးနှင့်ပတ်သက်၍ ဝင်ရောက်ဖြေရှင်းညှိနှိုင်းမှုပြုလုပ်ရန် ကုလသမဂ္ဂအထွေထွေညီလာခံက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကို တာဝန်ပေးအပ်ခဲ့ပါသည်။ ယင်းနောက် ၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် A/RES/48/150 ဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကို နောင်လာမည့် အထွေထွေညီလာခံများသို့ မြန်မာအရေးကိစ္စအား အစီရင်ခံစာ တင်သွင်းစေခြင်းဖြင့် အတွင်းရေးမှူးချုပ်၏ good offices role ကို စတင်မြစ်ဖျားခံခဲ့ပါသည်။ ယင်းနောက်တွင် အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူများ/အကြံပေးများ/ အထူးကိုယ်စားလှယ်များ ခန့်အပ်တာဝန်ပေးလာပါသည်။

မြန်မာနိုင်ငံအနေဖြင့် ယင်းကဲ့သို့သော ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှုများကို လက်မခံသော်လည်း ကုလသမဂ္ဂ၏ တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ၎င်းတို့နှင့် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် မလေးရှားနိုင်ငံသား အထူးကိုယ်စားလှယ် Mr. Razali Ismail (၂၀၀၀–၂၀၀၆)၊ နိုင်ဂျီးရီးယားနိုင်ငံသား အထူးအကြံပေး Mr. Ibrahim Gambari (၂၀၀၆–၂၀၀၉) နှင့် အိန္ဒိယနိုင်ငံသား အထူးအကြံပေး Mr. Vajay Nambiar (၂၀၁၀–၂၀၁၆) တို့ကို လက်ခံ ထိတွေ့ဆက်ဆံခဲ့ပါသည်။

ထို့နောက် ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ ARSA အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုအပေါ် နယ်မြေဒေသလုံခြုံရေးနှင့် ဒေသခံပြည်သူများအား ကာကွယ်စောင့်ရှောက်ရန်အလို့ငှာ တပ်မတော်၏ တန်ပြန်ဆောင်ရွက်ချက်များကို အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) က (၇၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အဆိုတင်သွင်းကာ အထူးကိုယ်စားလှယ်၏ အခန်းကဏ္ဍကို ပြန်လည်အသက်သွင်းခဲ့ပါသည်။ ယင်းကြောင့် ဆွစ်ဇာလန်နိုင်ငံသူ Ms. Christine Burgener (၂၀၁၈–၂၀၂၁) နှင့် စင်ကာပူနိုင်ငံသူ Ms. Noeleen Heyzer (၂၀၂၁–၂၀၂၃) တို့ တာဝန်ထမ်းဆောင်ခဲ့ကြပြီး လက်ရှိ အထူးကိုယ်စားလှယ်ဖြစ်သည့် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးဟောင်း Ms. Julie Bishop ကို ၂၀၂၄ ခုနှစ် ဧပြီလ ၅ ရက်တွင် ခန့်အပ်ခဲ့ပါသည်။ ၎င်းအနေဖြင့် မြန်မာနိုင်ငံသို့ (၄) ကြိမ်တိုင်တိုင် လာရောက်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံခြားရေးဝန်ကြီး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံဘက်မှလည်း လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါသည်။

**မြေပြင်ပကတိ တိုးတက်မှုနှင့် ကုလသမဂ္ဂ၏ တစ်ဖက်သတ်အမြင်များ**

ကုလသမဂ္ဂတွင် မျှတခြင်းနှင့် ဘက်လိုက်မှုကင်းခြင်းဟူသော အခြေခံမူဝါဒများရှိသော်လည်း မြန်မာ့အရေးတွင် တစ်ဖက်သတ်ရပ်တည်ချက်များသာ အစဉ်တစိုက် တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်ကို လေ့လာမည်ဆိုပါက ၂၀၂၀ ရွေးကောက်ပွဲ မဲမသမာမှုကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွဲသာမရှောင်သာ လွှဲပြောင်းရယူခဲ့ရပြီးနောက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်အတွင်း အပိုင်း (၃) ပိုင်းခွဲ၍ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးခဲ့ပြီး ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်၊ ရွေးကောက်ပွဲတွင် မဲဆန္ဒပေးသူ ၁၃.၁၃ သန်းကျော်က လွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြသဖြင့် ယခုအခါ ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော လွှတ်တော်နှင့် ဒီမိုကရေစီနည်းကျအစိုးရသစ်ပေါ်ထွန်းလာကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စတင်အကောင်အထည်ဖော်လျက် ရှိပါသည်။ ထို့ပြင် ယခင်အရေးပေါ်ကာလအချိန်များကပင် နိုင်ငံနှင့်ပြည်သူများအတွက်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းဆိုင်ရာအကျိုးအတွက်လည်းကောင်း မိမိတို့၏ မိတ်ဆွေနိုင်ငံများနှင့် အစဉ်ထိတွေ့နည်းလမ်းများရှာဖွေလျက် ပူးပေါင်းဆောင်ရွက်မှုများကို တစိုက်မတ်မတ် ပြုလုပ်ခဲ့ပါသည်။

ယင်းသို့သောအခြေအနေများကို လျစ်လျူရှုလျက် ၂၀၂၆ ခုနှစ် ဇွန်လ ၁၉ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများထံ အလွတ်သဘောရှင်းလင်းမှု (Informal Briefing) တွင် မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်သော၊ တစ်ဖက်စောင်းနင်းဖြစ်သော စွပ်စွဲချက်များကို အောက်ပါအတိုင်း ချဲ့ကားတင်ပြသွားခဲ့ပါသည် –

**ဆိုက်ဘာရာဇဝတ်မှုဆိုင်ရာ လွဲမှားသော တံဆိပ်ကပ်မှု**

မြန်မာနိုင်ငံအား ဆိုက်ဘာရာဇဝတ်မှုများ၏ ကမ္ဘာလုံးဆိုင်ရာဗဟိုချက် (epic center) အဖြစ် စွပ်စွဲဖော်ပြခဲ့သည်ကို တွေ့ရှိရသည် (A/80/307– အပိုဒ် ၁၇/ ၅–၈–၂၀၂၅)။ မြန်မာအစိုးရသည် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်ပါ ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ နှိမ်နင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူကြမ်းတစ်ရပ်ကိုလည်း လွှတ်တော်တွင် ဆွေးနွေးလျက်ရှိပါသည်။ သို့ရာတွင်လည်း အစိုးရ၏ ဆောင်ရွက်ချက်များကို မျက်ကွယ်ပြုပြီး ယခုကဲ့သို့ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် တစ်ဖက်သတ်ဆန်စွာ တံဆိပ်ကပ်ဖော်ပြခဲ့ခြင်းသည် အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကို လေ့လာနိုင်စွမ်းအပေါ် မေးခွန်းထုတ်ဖွယ်ရာဖြစ်သည်။

**စားနပ်ရိက္ခာ ဖူလုံမှုအပေါ် ချဲ့ကားပြောဆိုခြင်း**

မြန်မာနိုင်ငံကို ကမ္ဘာပေါ်တွင် ငတ်မွတ်ခေါင်းပါးမှုဒဏ်အဆိုးရွားဆုံးခံစားနေရသည့် ဆဋ္ဌမမြောက်နေရာအဖြစ် စွပ်စွဲဖော်ပြထားပါသည် (A/HRC/60/20 – အပိုဒ် ၃၀ နှင့် ၂၀၂၆ ခုနှစ်၊ Global Report on Food Crisis နှင့် FAO–WFP Hotspots တို့တွင် ဖော်ပြချက်)။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံပြီး မြေပေါ်မြေအောက်သယံဇာတကြွယ်ဝသည့် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာလုံခြုံမှုအခြေအနေသည် ပြည်တွင်းစားသုံးမှု ဖူလုံနေသည့် (self–sufficient) အဆင့်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ဆဲ ဖြစ်ပါသည်။ ထို့ပြင် အမျိုးသားစားနပ်ရိက္ခာ ဖူလုံရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်သန္နိဋ္ဌာန်ချမှတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**အကြမ်းဖက်မှုအား စစ်ရေးအရ ဆောင်ရွက်ခြင်းအပေါ် တစ်ဖက်သတ် စွပ်စွဲခြင်း**

တပ်မတော်၏ အကြမ်းဖက်မှုများအပေါ် စစ်ရေးအရတုံ့ပြန်မှုများနှင့် ၎င်းတို့အဆိုအရ လေကြောင်းမှတစ်ဆင့် ဗုံးကြဲတိုက်ခိုက်ကြောင်း စွပ်စွဲဖော်ပြထားပါသည် (A/HRC/60/20– အပိုဒ် ၈/၂၉–၈–၂၀၂၅)။ လက်တွေ့တွင် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များက ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်း (Rules of Engagement – RoE) ကို တိကျစွာလိုက်နာလျက် အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးများကို ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ တပ်မတော်အနေဖြင့် အရပ်ဘက်အခြေခံအဆောက်အအုံများတွင် ခြေကုပ်ယူကိုယ်ရောင်ဖျောက်ထားသည့် အကြမ်းဖက်သမားများကိုသာ ဦးတည်နှိမ်နင်းခြင်းဖြစ်ပြီး အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းမရှိပါ။ သို့ရာတွင်လည်း ကုလသမဂ္ဂအနေဖြင့် နိုင်ငံတော်၏ အခြေခံလုံခြုံရေးတာဝန်ဝတ္တရားများကို လျစ်လျူရှုကာ အကြမ်းဖက်သမားများ ကိုယ်တိုင်ဝါဒဖြန့်ချိနေသည့် အတည်မပြုနိုင်သော လုပ်ကြံပြောဆိုချက်များအပေါ်၌သာ အမှီပြုနေကြောင်း တွေ့ရှိရပါသည်။

PDFs များနှင့် အချို့သော EAOs များ၏ လူမဆန်သော ရာဇဝတ်မှုများကြောင့် ၂၀၂၁ မှစ၍ ယနေ့အချိန်အထိ အမျိုးသမီး၊ ကလေးသူငယ်အပါအဝင် အရပ်သား ၉,၇၉၅ ဦးသေဆုံးခဲ့ရခြင်းနှင့် ပတ်သက်ပြီး မည်သည့်အချိန်ကမျှ ဖော်ပြပြောဆိုခြင်းမရှိဘဲ မျက်ကွယ်ပြုထားဆဲဖြစ်ပါသည်။

**နေရပ်စွန့်ခွာသူများ (IDPs) စာရင်းများ အလွန်အကျွံဖောင်းပွခြင်း**

မြန်မာနိုင်ငံသည် နေရပ်စွန့်ခွာသူများ (IDPs) အရေအတွက် မြင့်မားနေသည်ဟု စွပ်စွဲဖော်ပြထားပါသည် (A/80/307–အပိုဒ် ၈/ ၅–၈–၂၀၂၅)။ မြန်မာနိုင်ငံအတွင်း နေရပ်စွန့်ခွာရမှုများသည် ယာယီသဘောမျှသာဖြစ်ပြီး အခြေအနေပေးသည်နှင့် ၎င်းတို့၏မူလနေရပ်သို့ ပြန်လည်အခြေချလေ့ရှိပါသည်။ ယင်းကဲ့သို့သော သဘောသဘာဝများကို နားလည်ခြင်းမရှိဘဲ အနောက်အုပ်စုက ထောက်ပံ့ထားသည့် NGOs၊ INGOs များ၏ ချဲ့ကားဖောင်းပွထားသော IDPs စာရင်းများကို ထပ်မံစိစစ်ခြင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းမရှိဘဲ စာရင်းများကို ထပ်တိုးဖော်ပြနေခြင်းတို့ကိုသာ ပြုလုပ်နေကြောင်း တွေ့ရှိရပါသည်။

**အမျိုးသမီးအခွင့်အရေးနှင့် zero–tolerance မူဝါဒကို စွပ်စွဲခြင်း**

ကုလသမဂ္ဂအနေဖြင့် အနောက်အုပ်စုနှင့် နိုင်ငံရပ်ခြားတိုင်းတစ်ပါး အထောက်အပံ့ ငွေကြေးများဖြင့် ရပ်တည်ပြီး တစ်ဖက်သတ်/ဆန့်ကျင်သည့် အမြင်များရှိသည့် NGOs နှင့် INGOs များ၏ အမျိုးသမီးနှင့်ပတ်သက်၍ စွပ်စွဲမှုများကိုသာ ကိုးကားဖော်ပြထားပါသည် (S/2026/321– အပိုဒ် ၅၀/ ၂၁–၄–၂၀၂၆ )။

> **❍ မြန်မာ့ပြည်တွင်းရေးအပေါ် ဓမ္မဓိဋ္ဌာန်မကျဘဲ အခြေအမြစ်မရှိ စွပ်စွဲတံဆိပ်ကပ်နေသည့် ကုလသမဂ္ဂ၏ ဇွတ်မှိတ်စွက်ဖက်မှုနှင့် မြေပြင်ကိန်းဂဏန်းအချက်အလက်များကို အစိုးရနှင့် အခြားသောတရားဝင်အဖွဲ့အစည်းများထံမှ ရယူစိစစ်အသုံးပြုနိုင်ပါသော်လည်း ထိုသို့ဆောင်ရွက်ခြင်းမရှိသည့် လုပ်ရပ်များသည် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ လစ်ဟာမှု၊ အားနည်းချက်များလား သို့မဟုတ် ရည်ရွယ်ချက်ရှိရှိဖြင့် လျစ်လျူရှုသည်လားဆိုသည်ကို မေးခွန်းထုတ်ရမည့် အချိန်ဖြစ်နေ**

*စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား ယနေ့မွန်းလွဲ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ဘင်းမ်စတက်လုပ်ငန်းစဉ်အောက်ရှိ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ အထူးသဖြင့်စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးကဏ္ဍ၊ ဒေသတွင်းလုံခြုံရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးကဏ္ဍနှင့် ဆက်သွယ်ချိတ်ဆက်ရေးကဏ္ဍတို့တွင် မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေမှု၊ ဘင်းမ်စတက်၏ ပြင်ပမိတ်ဖက်များနှင့်ဆက်ဆံရေးတွင် အဖွဲ့ကြီး၏ အခြေခံမူများကို လေးစားလိုက်နာရေး၊ ၂၀၂၇ ခုနှစ်၊ ဇွန် ၆ ရက်တွင် ကျရောက်မည့် ဘင်းမ်စတက် တည်ထောင်မှု နှစ် (၃၀) ပြည့်အတွက် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပသွားရေးနှင့် မြန်မာနှင့် ဘင်းမ်စတက်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အတွင်းရေးမှူးချုပ်သည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး တက်ရောက်ရန်အတွက် မြန်မာနိုင်ငံသို့ ပထမအကြိမ် ခရီးစဉ်လာရောက်ခဲ့ဖူးပြီး ယခုခရီးစဉ်သည် ၎င်း၏ ဒုတိယအကြိမ် ခရီးစဉ်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Bay of Bengal Initiative for Multi–Sectoral Technical and Economic Coo–peration – BIMSTEC) ကို ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ဘင်းမ်စတက်ကို ဘင်္ဂလားပင်လယ်အော်ဒေသတွင်း နိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဘင်းမ်စတက်၏ လက်ရှိပူးပေါင်းဆောင်ရွက်မှုကဏ္ဍ (၇) ခုရှိသည့်အနက် မြန်မာနိုင်ငံသည် "လယ်ယာစိုက်ပျိုးရေးနှင့်စားရေရိက္ခာဖူလုံရေးကဏ္ဍ" ၏ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး အိန္ဒိယနိုင်ငံသံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၂**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body – BGB) ညှိနှိုင်းအစည်းအဝေး (၁/ ၂၀၂၆) ကို ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ရုပ်သံလွှင့်လုပ်ငန်းဆောင်ရွက်ခွင့်ရရှိကြပြီးဖြစ်သည့် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် အွန်လိုင်းမီဒီယာကိုလည်း တစ်ပါတည်း ခွင့်ပြုမိန့်ရရှိထားခြင်းဖြစ်ရာ မူရင်းရုပ်သံထုတ်လွှင့်မှုအပြင် အွန်လိုင်းမီဒီယာကိုလည်း တည်ဆဲဥပဒေပါအချက်များ၊ စာချုပ်ပါအချက်များ၊ အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များ၊ ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲ ထုတ်လွှင့်နေကြသည့် အွန်လိုင်းမီဒီယာ လုပ်ငန်းများကိုလည်း မှတ်ပုံတင်ပြီး စိစစ်ဆောင်ရွက်နိုင်ရေး၊ လိုအပ်သောညွှန်ကြားချက်များ ထပ်မံထုတ်ပြန်နိုင်ရေး ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ ဆက်လက် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ရုပ်သံထုတ်လွှင့်မှုများ အမှားအယွင်းကင်းစေရေးနှင့် ပတ်သက်၍လည်းကောင်း၊ အဖွဲ့ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်တို့က ရုပ်သံထုတ်လွှင့်နေမှုများနှင့် ပတ်သက်၍လည်းကောင်း၊ တာဝန်ရှိသူများက စက်မှုပိုင်း၊ ရုပ်မြင်ပိုင်း၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာများနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော ရုပ်သံလွှင့်ကုမ္ပဏီများနှင့် FM ရေဒီယိုများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**



❖ *ကျောဖုံးမှ*

အဆိုပါ အမျိုးသား (၂၅) နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အုပ်စု(က) တွင် သရက်ကုန်း(၁)၊ ကျောင်းမြောက်၊ Three Tiger အသင်းတို့ကလည်းကောင်း၊ အုပ်စု(ခ)တွင် သရက်ကုန်း(၃)၊ စွယ်တော်၊ သစ်တောအသင်းတို့ကလည်းကောင်း၊ အုပ်စု (ဂ) တွင် အောင်ရတနာ၊ လှျပ်စစ်၊ အောင်မင်္ဂလာအသင်းတို့ကလည်းကောင်း၊ အုပ်စု(ဃ)တွင် ကျောင်းတောင်၊ သရက်ကုန်း(၂)၊ ပညာရေးအသင်းတို့က လည်းကောင်း အမှတ်ပေးစနစ်ဖြင့် အကြိတ်အနယ် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။

**ကိုထက်(ပြန်/ဆက်)**

## ပညာရဲရင့် ပွဲလယ်တင့်

*စာမျက်နှာ ၆ မှ*

မြန်မာ့လူမှုအဖွဲ့အစည်းသည် လိင်အကြမ်းဖက်မှုကို ရိုးရာယဉ်ကျေးမှုအရ ဆန့်ကျင်သော သမိုင်းကြောင်းအစဉ်အလာရှိပါသည်။ ယင်းဓလေ့ကိုအခြေခံ၍ နိုင်ငံတော်အစိုးရအဆက်ဆက်က ကျား–မနှင့် လိင်စိတ်ခံယူမှုကွဲပြားသူအပါအဝင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ တားဆီးကာကွယ်ရန် ဥပဒေနှင့်အညီ ပြတ်သားစွာ ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် မည်သည့်ပြစ်မှုကိုမဆို အသေးအဖွဲပင်ဖြစ်လင့်ကစား လုံးဝခွင့်မလွှတ်ဘဲ အရေးယူအပြစ်ပေးသည့် (zero–tolerance policy) ချမှတ်ထားပြီး ကျူးလွန်ပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အတိအလင်းပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများအား တားဆီးနိုင်ရေးအတွက် အမျိုးသားအဆင့်တိုင်ကြားမှု ယန္တရား ၂၄ နာရီ Helpline (၁၅၆၆) ကို ၂၀၂၂ ခုနှစ်တွင် ထူထောင်ခဲ့ပါသည်။ ၂၀၂၂ မှ ၂၀၂၆ ခုနှစ်အတွင်း လက်နက်ကိုင်ပဋိပက္ခနှင့် မသက်ဆိုင်သော လိင်ပိုင်းဆိုင်ရာ အမှုပေါင်း ၂,၃၀၀ ကျော်ကို အရေးယူနိုင်ခဲ့သော်လည်း၊ ပဋိပက္ခနှင့် ဆက်နွှယ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအနေဖြင့် တစ်စုံတစ်ရာ တရားဝင်တိုင်ကြားလာခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။

**နိဂုံး**

အချုပ်အားဖြင့်ဆိုရသော် ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ မြေပြင်ပကတိ ဖြစ်ပေါ်တိုးတက်မှုများ၊ ဒီမိုကရေစီနည်းကျ ပေါ်ထွန်းလာသော အစိုးရသစ်၏ ကြိုးပမ်းအားထုတ်မှုများနှင့် အကြမ်းဖက်သမားများကြောင့် ပြည်သူအများ သေကျေပျက်စီးနေရသည့် အခြေအနေမှန်များကို သေချာစွာဆန်းစစ်လေ့လာခြင်းမရှိဘဲ တမင်သက်သက် မျက်ကွယ်ပြုလျစ်လျူရှုထားကြပါသည်။

တစ်ဖက်သတ် ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် အနောက်အုပ်စုများ၏ လုပ်ကြံဖန်တီးချက်များကိုသာ အခြေခံ၍ ထုတ်ပြန်နေသော အစီရင်ခံစာများနှင့် ပြောကြားချက်များသည် ကုလသမဂ္ဂ၏ မျှတမှု၊ ဘက်လိုက်မှုကင်းရှင်းမှုနှင့် ဂုဏ်သိက္ခာရှိမှုအပေါ် များစွာ မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။

မြန်မာ့ပြည်တွင်းရေးအပေါ် ဓမ္မဓိဋ္ဌာန်မကျဘဲ အခြေအမြစ်မရှိ စွပ်စွဲတံဆိပ်ကပ်နေသည့် ကုလသမဂ္ဂ၏ ဖွတ်မိုတ်စွက်ဖက်မှုနှင့် မြေပြင်ကိန်းဂဏန်းအချက်အလက်များကို အစိုးရနှင့် အခြားသော တရားဝင်အဖွဲ့အစည်းများထံမှ ရယူစိစစ်အသုံးပြုနိုင်ပါသော်လည်း ထိုသို့ဆောင်ရွက်ခြင်းမရှိသည့် လုပ်ရပ်များသည် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ လစ်ဟာမှု၊ အားနည်းချက်များလား သို့မဟုတ် ရည်ရွယ်ချက်ရှိရှိဖြင့် လျစ်လျူရှုသည်လားဆိုသည်ကို မေးခွန်းထုတ်ရမည့် အချိန်ဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ အရေးတစ်ခုအပေါ်မူတည်၍ ပေါ်ပေါက်လာသည့် အတွေးတစ်ခုကို "ကုလသမဂ္ဂ၏ စွက်ဖက်မှုနှင့် လစ်ဟာမှုများ" ဟုခေါင်းစဉ်တပ်ဖော်ပြလျက် နိဂုံးချုပ်လိုက်ရပါသည်။

■ ■ ■

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇွန် ၂၂**



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အများပြည်သူ ဘတ်စ်လိုင်းကားပြေးဆွဲပေးနိုင်ရေး၊ တရားမဝင် မော်တော်ဆိုင်ကယ်များကို လိုင်စင်ပြန်လည်ပြုလုပ်ပေးနိုင်ရေး၊ ကမ်းထိန်းနံရံများဆောင်ရွက်ပေးနိုင်ရေး၊ ဆေးရုံအဆင့်တိုးမြှင့်ပေးနိုင်ရေးနှင့် ဆရာဝန်နှင့် သူနာပြု လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တို့နှင့်စပ်လျဉ်း၍ မေးခွန်း(၅)ခု မေးမြန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၏ **နေပြည်တော်ကောင်စီနယ်မြေတွင် အများပြည်သူ စျေးနှုန်းချိုသာစွာဖြင့် သွားလာနိုင်သည့် ဘတ်စ်လိုင်းကားများပြေးဆွဲပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က နေပြည်တော်တွင် လက်ရှိမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)၏ ကြီးကြပ်မှုဖြင့် ရွှေသပြေ၊ ရွှေအောင်လံ၊ ရွှေပြည်သစ် ယာဉ်လိုင်း ၃ လိုင်းမှ Light Truck ယာဉ်များဖြင့် ပျဉ်းမနား-မြို့မဈေး၊ ပျဉ်းမနား-မြို့မဈေး-တောင်ညို၊ ပျဉ်းမနား-တပ်ကုန်း ခရီးစဉ်များသို့ နေ့စဉ် ပြေးဆွဲပေးလျက်ရှိပါကြောင်း၊ တော်ဝင်ယာဉ်အသင်းက လမ်းကြောင်း(၄)ခုကို Bus ကားများဖြင့် ပြေးဆွဲလျက်ရှိပါကြောင်းနှင့် "ရာဇာမင်း" ခရီးသည်ပို့ဆောင်ရေးယာဉ်အသင်းက EV Bus ကားများဖြင့် မြို့တွင်းယာဉ်လိုင်းပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **တစ်နိုင်ငံလုံးရှိ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား အခွန်ငွေ သတ်မှတ်ပေးသွင်းစေပြီး ဥပဒေနှင့်အညီ တရားဝင်လိုင်စင်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းမေးခွန်းနှင့်** သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဟေသားကြီး၏ **လိုင်စင်မဲ့ဆိုင်ကယ်များကို လိုင်စင်ပြန်လည်ပြုလုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ လုပ်ပေးနိုင်ပါက ဘယ်ချိန်ကာလတွင် စတင်ပြုလုပ်ပေးမည်နှင့်မလုပ်ပေးနိုင်ပါက အဘယ်ကြောင့်မလုပ်ပေးနိုင်ခြင်းကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာနိုင်ငံအတွင်း ရောက်ရှိနေသော တရားမဝင်မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များသည် ဥပဒေနှင့်မညီသည့်အတွက် အထောက်အထားများ တင်ပြနိုင်ခြင်းမရှိပါသဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေး၍မရပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများ မိုးရာသီတွင် ကမ်းပါးများ ရေတိုက်စားမှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် သစ်ဆိပ်ပင်ကျေးရွာ ပေ(၈၅၀)၊ ဖောင်းတောကျေးရွာ ပေ(၁၅၀၀)၊ အနော်ရထာရပ်ကွက် တံတားအထက် ပေ(၁၀၀၀) - တံတားအောက် ပေ (၁၅၀၀)၊ လက်ပံကုန်းကျေးရွာ ပေ(၇၀၀)၊ ရှောက်ကုန်းကျေးရွာ ပေ (၉၀၀)တို့အား ကမ်းထိန်းနံရံများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ရေတို၊ ရေရှည် အစီအမံများချမှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအောင်မြိုင်က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ အနော်ရထာရပ်ကွက်၊ နဝင်းချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ သစ်ဆိပ်ပင်ကျေးရွာ ရေကြီးရေလျှံချောင်းပေါက်ထွက်မှုကာကွယ်ရေးလုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျစရိတ် တင်ပြတောင်းခံခဲ့ရာ ရန်ပုံငွေလျာထားပါဝင်ခြင်းမရှိသည့်အတွက် နောင်လာမည့် ဘဏ္ဍာရေးနှစ်တွင် ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ကျန်ရှိသည့် ကမ်းပြိုနေရာများဖြစ်သည့် ဖောင်းတောကျေးရွာ၊ လက်ပံကုန်းကျေးရွာ၊ ရှောက်ကုန်းကျေးရွာတို့ကိုလည်း ကွင်းဆင်းတိုင်းတာစစ်ဆေး၍ ဆောင်ရွက်သင့်သည့် အစီအမံများနှင့်အတူ ဘဏ္ဍာရန်ပုံငွေရရှိရေး ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်ချိန်တွင် နည်းပညာအကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ခရမ်းမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၏ **ခရမ်းမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံ (၁)ခု၊ ကျိုက်နီချောင်းတိုက်နယ်ဆေးရုံ၊ ကမာမတ်တိုက်နယ်ဆေးရုံနှင့် ပိန်းကန်တိုက်နယ်ဆေးရုံ (၃)ရုံရှိပြီး ဆရာဝန် ၁၁ ဦးနှင့် သူနာပြု ၂၀ လိုအပ်လျက်ရှိပါသဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ခရမ်းမြို့နယ်ပြည်သူ့ဆေးရုံ၊ ကျိုက်နီချောင်းတိုက်နယ်ဆေးရုံ၊ ကမာမတ်တိုက်နယ်ဆေးရုံနှင့်ပိန်းကန်တိုက်နယ်ဆေးရုံတို့တွင် ဆရာဝန်နှင့်သူနာပြုများ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ထို့အပြင် တိုက်နယ်ဆေးရုံတိုင်းတွင် အနည်းဆုံးဆရာဝန်တစ်ဦး ထားရှိနိုင်ရေး မူအရ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရမ်းပြည်သူ့ဆေးရုံ၏ ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်အပေါ် မူတည်ပြီး လက်ထောက်ဆရာဝန်များ ထပ်မံခန့်ထားနိုင်ရေး စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုလအတွင်း သစ်လွင်သူနာပြုများအား ခန့်ထားသည့်အချိန်တွင် သူနာပြု ၆ ဦးအား ခွဲဝေခန့်ထားပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆန်စိန်၏ **တန့်ယန်းမြို့ ပြည်သူ့ဆေးရုံအား (၂၅)ခုတင်ဆံ့ ဆေးရုံမှ ခုတင် (၅၀)ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရှမ်းပြည်နယ်( မြောက်ပိုင်း) တန့်ယန်းမြို့တွင်( ၂၅) ခုတင်ဆံ့ မြို့နယ်ဆေးရုံ(၁)ရုံ၊ ဝိန်းကောင်တိုက်နယ်ဆေးရုံ၊ မန်ပန်တိုက်နယ်ဆေးရုံ၊ မန်ကတ်တိုက်နယ်ဆေးရုံနှင့် မိုင်းကောင်တိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံ (၅ ) ရုံဖွင့်လှစ်ထားရှိပြီးဖြစ်ပြီး တန့်ယန်းမြို့ ပြည်သူ့ဆေးရုံ၏ ခုတင်အသုံးပြုမှုရာခိုင်နှုန်းမှာ သတ်မှတ်ထားသောမူအရ ပြည့်မီရန် လိုအပ်လျက်ရှိသဖြင့် လတ်တလော ခုတင်(၅၀) ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးခင်မောင်ထွန်း၏ **ဖောင်းပြင်မြို့ ခုတင်(၅၀)ဆံ့ဆေးရုံတွင် မြို့နယ်ဆရာဝန်ကြီးတစ်ဦးသာရှိပြီး သွားဆရာဝန်နှင့်အတူ ဆေးပညာရှင်ဝန်ထမ်းများလိုအပ်လျက်ရှိပါသဖြင့် တာဝန်ချခန့်ထားပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဖောင်းပြင်မြို့ ခုတင် (၅၀)ဆံ့ ဆေးရုံအတွက် သွားဆရာဝန်တစ်ဦးအား ယခုနှစ်အတွင်း တာဝန်ချထားပေးသွားမည်ဖြစ်ပြီး လုပ်ငန်းလိုအပ်ချက်နှင့်အညီ ကျန်သူနာပြုနှင့် ကျွမ်းကျင်ဝန်ထမ်းများအား တာဝန်ချထားပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ့်ကိုင်မြို့နယ် ရွှေလှံ့ဗိုလ်(ကံအောက်)ကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ခု လိုအပ်လျက်ရှိပါသောကြောင့် တိုက်နယ်ဆေးရုံအဖြစ် ခွင့်ပြုဆောင်ရွက်ပေးနိုင်ခြင်းအစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက စဉ့်ကိုင်မြို့နယ်၊ ရွှေလှံ့ဗိုလ်(ကံအောက်) ကျေးရွာသည် ရွာဘိုကျေးလက်ကျန်းမာရေးဌာနနှင့် နတ်ရေကန် ကျေးလက်ကျန်းမာရေးဌာနခွဲများမှ စောင့်ရှောက်မှုပေးနေသော ကျေးရွာတစ်ရွာဖြစ်ပြီး ယခုအဆိုပြုနေရာတွင် တိုက်နယ်ဆေးရုံ ဖွင့်လှစ်နိုင်ရေးအတွက် အခြေခံသတ်မှတ်ချက်များဖြစ်သော ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ထားရှိပြီးသော ကျေးရွာဖြစ်ရမည်ဆိုသည့်အချက်နှင့် လမ်းပန်းဆက်သွယ်ရေးအရ မြို့နယ်ဆေးရုံများသို့ လာရောက်ရန် ခက်ခဲသောနယ်မြေဖြစ်ရမည်ဆိုသည့် လိုအပ်ချက်များရှိနေပါသဖြင့် လက်ရှိအချိန်တွင် ခွင့်ပြုဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဇွန် ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇွန် ၂၂**



ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ CPU အဖွဲ့ဝင်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာများနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**သုံးသပ်တင်ပြ**

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးတိုးရီသည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) များနှင့် တွေ့ဆုံပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လက်ပံတန်း၌ တီဘီရောဂါတိုက်ဖျက်ရေး အရှိန်မြှင့်ဆောင်ရွက်

**လက်ပံတန်း ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်းနှင့် ဝန်ထမ်းများက တီဘီရောဂါရှာဖွေကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက သာရဝေါကျေးရွာအုပ်စုသို့ကွင်းဆင်းခဲ့ပြီး တီဘီရောဂါဖြစ်ပွားစေနိုင်သော အကြောင်းရင်းများ၊ ရောဂါသွင်ပြင်နှင့် လက္ခဏာများအကြောင်း အသိပညာပေးဟောပြောခဲ့ကာ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက တီဘီရောဂါရှိသူနှင့် အတူနေမိသားစုများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ပိုးတွေ့လူနာများအား DOT စနစ်ဖြင့် တီဘီဆေးတိုက်ကျွေးခြင်း လုပ်ငန်းများကို ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

**နေပြည်တော် ဇွန် ၂၂**

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၇၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၇၆ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။




ထို့နောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်လှထွေး၏ **လက်ရှိဆောင်ရွက်နေသော အခွန်စနစ်အရ အခွန်ဘဏ္ဍာရရှိမှု၊ အခွန်ကောက်ခံမှုယန္တရားတွင် နည်းပညာနှင့် လူအင်အားလုံလောက်မှု ရှိ၊ မရှိ၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများ ရရှိမှု ရှိ၊ မရှိနှင့် နိုင်ငံတော်အခွန်ဘဏ္ဍာပိုမိုရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က လက်ရှိဆောင်ရွက်နေသော အခွန်စနစ်အရ အခွန်ဘဏ္ဍာရရှိမှုနှင့် ရသင့်ရထိုက်သောအခွန်ငွေများရရှိရေးအတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံ၏ အခွန်အကောက်စနစ်တွင် ပြည်ထောင်စုအဆင့်တွင် ကောက်ခံရရှိသည့် အခွန်အကောက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဆင့်တွင် ကောက်ခံရရှိသည့် အခွန်အကောက်နှင့် စည်ပင်သာယာရေးအဖွဲ့အဆင့်တွင် ကောက်ခံရရှိသည့် အခွန်အကောက်ဟူ၍ အဆင့် ၃ ဆင့် ဖွဲ့စည်းထားပါကြောင်း။

နှစ်အလိုက် အခွန်ကောက်ခံရရှိမှုအခြေအနေ နှိုင်းယှဉ်ချက်အရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ကောက်ခံရရှိသည့် အခွန်အကောက်ရငွေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၄၉၁၂ ခန့်ရရှိရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၁၄၀၇၀ ကောက်ခံရရှိခဲ့သည့်အတွက် အခွန်အကောက်ရငွေ ၃ ဆခန့် တိုးတက်ရရှိခဲ့ပါကြောင်း၊ ပြည်ထောင်စု၏ အခွန်အကောက်ရငွေနှင့် ဂျီဒီပီ အချိုးသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ၅ ဒသမ ၀၇ ရာခိုင်နှုန်းသာရှိရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ၈ ဒသမ ၅၅ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အခွန်ရငွေနှင့် ဂျီဒီပီအချိုးကို ၉ ဒသမ ၅ ရာခိုင်နှုန်းရရှိရေး ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

နည်းပညာ တိုးချဲ့ကျင့်သုံးနိုင်ရေးအတွက် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် နည်းပညာဆိုင်ရာဌာနခွဲကို ဌာနခွဲတစ်ခုစီ သီးခြားထည့်သွင်း ဖွဲ့စည်းထားရှိခြင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် အခွန်ထမ်းမှတ်ပုံတင်ခြင်းစနစ် (e-Registration Management System)၊ အီလက်ထရောနစ် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System)၊ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြစ်သည့် m-Banking၊ e-Banking၊ i- Banking၊ Mobile Payment IRD's Tax Payment Hub၊ Mobile Payment တို့ဖြင့် အခွန်ငွေများ ပေးဆောင်နိုင်ရန် စီမံဆောင်ရွက်ထားခြင်း၊ အကောက်ခွန်ဦးစီးဌာနတွင် မြန်မာအလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System-MACCS) ကို အသုံးပြုပြီး Internet Banking / Mobile Banking မှတစ်ဆင့် အကောက်ခွန်နှင့် အခြားအခွန်အခများ ပေးဆောင်နိုင်ရေးတို့ကို စီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

အခွန်ဘဏ္ဍာပိုမိုရရှိစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့မှ စီးပွားရေးလုပ်ငန်းစာရင်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီစာရင်းများနှင့် တိုက်ဆိုင်စိစစ်ပြီး အခွန်ထမ်းသစ်များ ဖော်ထုတ်ခြင်း၊ မိုဘိုင်းဖုန်း ဟန်းဆက်များကို နည်းပညာအသုံးပြု၍ မှတ်ပုံတင်စေသည့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်ဝယ်ယူခြင်းအပေါ် အခွန်ကိစ္စစိစစ်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အီလက်ထရောနစ်ဝန်ဆောင်မှုစနစ်ကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိခြင်း၊ အခွန်ရငွေပိုမိုတိုးတက်ရေး၊ အခွန်စည်းကြပ်ရာတွင် မျှတမှုဖြစ်စေရေး၊ အခွန်မှူးများ၏လုပ်ပိုင်ခွင့်ကို လျှော့ချကန့်သတ်ခြင်းဖြင့် အဂတိလိုက်စားမှုများကို တားဆီးကာကွယ်နိုင်ရေးတို့အတွက် အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်ကို တိုးချဲ့ကျင့်သုံးဆောင်ရွက်ခြင်း၊ အခွန်ထမ်းများ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများနှင့် အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာဆိုင်ရာ အကူအညီပေးရေးစင်တာ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ အခွန်ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပြီး အခွန်ပညာပေးရှင်းလင်းပွဲများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အခွန်ယဉ်ကျေးမှု ပိုမိုခိုင်မာလာစေရေးနှင့် အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်တာဝန်ကို ကြည်သာပျူငှာစွာ ထမ်းဆောင်လာစေရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်း၍ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လူဦးရေများပြားလာသည့်အတွက် နေထိုင်မှုအဆင်ပြေစေရန် ရွာတိုးချဲ့မြေခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တိုးချဲ့လိုသော ကျေးရွာမြေသည် လယ်ယာမြေဖြစ်ပါက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအရလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖြစ်ပါက ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေ၊ နည်းဥပဒေများအရလည်းကောင်း၊ ဝန်ကြီးဌာနများမှ စီမံခန့်ခွဲလျက်ရှိသော မြေများဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုမိန့်များအရလည်းကောင်း ကျေးရွာမြေအဖြစ် အသုံးပြုခွင့်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျေးရွာမြေအဖြစ် အသုံးပြုခွင့်ရရှိပါက ၁၉၀၇ ခုနှစ် မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေအပိုဒ် ၄၁၊ ၄၂၊ ၄၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နေထိုင်ရန်အခက်အခဲရှိသော ကျေးရွာနေပြည်သူများအား ချထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လူဦးရေများပြားလာသည့်အတွက် နေထိုင်မှုအဆင်ပြေစေရေး ကျေးရွာမြေတိုးချဲ့ခွင့်ပြုပေးနိုင်ပါရန် သက်ဆိုင်ရာကျေးရွာများမှ ပြည်သူများက လျှောက်ထားလာပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဦးခင်မောင်တင့်၏ **တိုက်ကြီးမြို့နယ်အတွင်းရှိ မလေးရှားဝိုင်ကျေးရွာအုပ်စု ပျဉ်းမချီကျေးရွာ၊ မင်္ဂလာရပ်ကွက်၊ နှင်းဆီမြိုင်ကျေးရွာ၊ ကင်းပတီးကျေးရွာအုပ်စု ရွှေညောင်ပင်ကျေးရွာနှင့် လိပ်လှော့ကျေးရွာ၊ ဖလုံဘူတာကျေးရွာအုပ်စု အလယ်မြောင်ကျေးရွာနှင့် ကြို့ပင်ကျေးရွာ၊ ရေတွင်းကုန်းကျေးရွာအုပ်စု အေးမြသာယာကျေးရွာများအား သစ်တောရေိယာမြေမှပယ်ဖျက်ပြီး ကျေးရွာပိုင်မြေအဖြစ်ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မလေးရှားဝိုင်ကျေးရွာအုပ်စု၊ ပျဉ်းမချီကျေးရွာသည် ၂၀၀၆ ခုနှစ်ခန့်မှစ၍ ၇၈ ဧကရှိသည့် ကျေးရွာအဖြစ်လည်းကောင်း၊ မင်္ဂလာရပ်ကွက်၊ နှင်းဆီမြိုင်ကျေးရွာသည် ၁၉၉၀ ပြည့်နှစ်ခန့်မှစ၍ ၉၀ ဧကခန့်ရှိသည့် ကျေးရွာအဖြစ်လည်းကောင်း တည်ရှိကာ အဆိုပါကျေးရွာ ၂ ရွာသည် တောင်လှိုင်ရိုးမသစ်တောကြိုးဝိုင်းမြေအတွင်း ပါဝင်နေပါကြောင်း၊ ကင်းပတီးကျေးရွာအုပ်စုအတွင်းရှိ ရွှေညောင်ပင်ကျေးရွာသည် ၂၀၁၂ ခုနှစ်ခန့်မှစ၍ ၅၁ ဧကရှိသည့် ကျေးရွာအဖြစ် တည်ရှိပြီး မာဂရီသစ်တောကြိုးဝိုင်းအတွင်း ပါဝင်နေပါကြောင်း။

ကင်းပတီးကျေးရွာအုပ်စုအတွင်းရှိ ယခင်လိပ်လှော့ကျေးရွာ(ယခု မြိုင်ဟေဝန်ကျေးရွာ)သည် ၁၉၆၆ ခုနှစ်မှစ၍ ဧက ၃၀ ခန့်ရှိသည့် ကျေးရွာအဖြစ် တည်ရှိပြီး ဥက္ကံသစ်တောကြိုးဝိုင်းအတွင်းပါဝင်နေပါကြောင်း၊ လိပ်လှော့ကျေးရွာမြေနေရာသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မြန်မာ့သစ်လုပ်ငန်းသို့ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်း (မြိုင်ဟေဝန်ဆင်စခန်း) အဖြစ် ဆောင်ရွက်ရန်အတွက် ဆင်စခန်းနှင့် ဆင်စားကျက်မြေအဖြစ် ခွင့်ပြုထားသည့် မြေဧရိယာ ၃၃ ဧက အတွင်းကျနေသည့်အတွက် သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်း မရှိပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဖြေကြားထားပါကြောင်း။

ဖလုံဘူတာကျေးရွာအုပ်စု အလယ်မြောင်ကျေးရွာသည် ၁၉၆၁ ခုနှစ်ခန့်မှစ၍ ၁၆ ဧကခန့်ရှိသည့် ကျေးရွာအဖြစ်လည်းကောင်း၊ ကြို့ပင်ကျေးရွာသည် ၁၉၈၃ ခုနှစ်ခန့်မှစ၍ ဧက ၃၀ ခန့်ရှိသည့် ကျေးရွာအဖြစ်လည်းကောင်း၊ ရေတွင်းကုန်းကျေးရွာအုပ်စု အေးမြသာယာကျေးရွာသည် ၂၀၀၇ ခုနှစ်ခန့်မှစ၍ ၁၇ ဒသမ ၅၀ ဧကခန့်ရှိသည့် ကျေးရွာအဖြစ်လည်းကောင်း တည်ရှိကြပြီး အဆိုပါကျေးရွာ ၃ ရွာသည် မာဂရီသစ်တောကြိုးဝိုင်းအတွင်း ပါဝင်နေကြပါကြောင်း။

သစ်တောဧရိယာမြေမှပယ်ဖျက်၍ ကျေးရွာမြေအဖြစ် ဆောင်ရွက်လိုသည့် ကျေးရွာ ၇ ရွာသည် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်ထားသည့် ကျေးရွာများစာရင်းတွင် မပါဝင်ပါကြောင်းနှင့် ယင်းကျေးရွာ ၇ ရွာအနက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သစ်တောကြိုးဝိုင်းမြေအဖြစ် ပယ်ဖျက်ပေးနိုင်ခြင်းမရှိသည့် ကင်းပတီးကျေးရွာအုပ်စု လိပ်လှော့ကျေးရွာ (ယခုမြိုင်ဟေဝန်ကျေးရွာ) မှလွဲ၍ ကျန် ၆ ရွာအား သစ်တောကြိုးဝိုင်းမြေမှ ကျေးရွာမြေအဖြစ် ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးရှာမွေလရှဲန်၏ **ရှမ်းပြည်နယ်၊ မိုင်းယောင်းမြို့နယ်၊ မုန်းလိုက်ကျေးရွာအုပ်စု ရှေခင်ကျေးရွာ ကြိုးတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက လက်ရှိတံတားသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင်စတင်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပစ္စည်းထောက်ပံ့ပေးပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ သန်း၊ ကျေးရွာမှထည့်ဝင်ငွေကျပ် ၃၂ သန်းနှင့် ကျေးရွာလူထုလုပ်အားဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒေသတွင်းလမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ လိုအပ်ပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအပေါ်အခြေခံပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့တို့ပေါင်းစပ်၍ ကျေးရွာ၊ အိမ်ခြေ၊ လူဦးရေ၊ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု (သို့မဟုတ်) ပြည်နယ် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကိုင်းတောကြီးကျေးရွာရှိ တောင်မန်းမြောင်းတောင် ၇ ဒသမ ၆ မိုင် (ပေတိုင်အမှတ် ၄၁၀၀၀)နှင့် ၈ မိုင် (ပေတိုင်အမှတ် ၄၂၀၀၀) ကြားရှိ ပေါင်းတံတားအထိ ( ၂ ဒသမ၂) မိုင်အရှည်ရှိသော ကုန်ထုတ်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကိုင်းတောကြီးကျေးရွာ ကုန်ထုတ်လမ်း၏ လက်ရှိလမ်းအကျယ်သည် ပျမ်းမျှ ၁၀ ပေခန့်သာရှိပြီး ကုန်ထုတ်လမ်းဖောက်လုပ်ရန် လမ်းနယ် အကျယ်ပေ ၃၀ ရှိရန်လိုအပ်ပါကြောင်း၊ လမ်းအကျယ်ပြည့်မီစေရန်အတွက် သက်ဆိုင်ရာ တောင်သူများ၊ ကျေးရွာလမ်းကော်မတီများနှင့် မြေနေရာရရှိရေးကို လွှတ်တော်ကိုယ်စားလှယ်က စည်းရုံးဆောင်ရွက်ပေးရန် မေတ္တာရပ်ခံအပ်ပါကြောင်း။

မြေနေရာရရှိပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကြိုအင်ဂျင်နီယာလုပ်ငန်းများဖြစ်သည့် ကွင်းဆင်းတိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်းနှင့် အသေးစိတ်ခန့်မှန်းခြေတွက်ချက်ခြင်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များဆောင်ရွက်ပြီးပါက လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့တို့နှင့် ပေါင်းစပ်၍ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေး

*စာမျက်နှာ ၁၀ သို့*

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

**နေပြည်တော် ဇွန် ၂၂**

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသ ရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

ယနေ့တွင် ၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အမှာစကား ပြောကြားရာတွင် "ဥတုရာသီ တောကိုမှီ" ဆိုသည့် စကားအတိုင်း သစ်ပင်များ စိုက်ပျိုးခြင်းသည် ရာသီဥတုကို ထိန်းညှိပေးနိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကိုလည်း များစွာအကျိုးသက်ရောက်စေခြင်းဖြစ်၍ အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် အကောင်အထည်ဖော် ဆောင်ရွက်သင့်သည့် သစ်ပင်၊ သစ်တောကဏ္ဍကို တပ်မတော်အနေဖြင့်လည်း အလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

သဘာဝရာသီဥတုက သစ်ပင်သစ်တောများကို ရှင်သန်စေပြီး သစ်ပင်သစ်တောများက ကောင်းမွန်သည့် သဘာဝရာသီဥတုကို ပြန်လည်ထိန်းညှိပေးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ ကောင်းမွန်သည့် ရာသီဥတုက တစ်ဆင့် လူသားများ၏ သက်ရှည်ကျန်းမာရေးကို များစွာအထောက်အကူပြုနေသလို ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားရေးအတွက်လည်း များစွာအထောက်အကူပြုနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သစ်ပင်သစ်တော၊ သဘာဝရာသီဥတုနှင့် သက်ရှိမျိုးစုံတို့၏ သက်ရှည်ကျန်းမာရေးဆိုသည့် အကျိုးဆက်ကောင်းများဖြစ်ပေါ်ရန် သစ်ပင်စိုက်ပျိုးခြင်းသည် အခြေခံအကျဆုံးနှင့် အကောင်းဆုံးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ယနေ့ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်များနှင့် မကြာခဏကြုံတွေ့နေကြသည်ကို တွေ့မြင်ရမည်ပင်ဖြစ်ကြောင်း၊ တစ်နေ့ထက်တစ်နေ့ ကမ္ဘာကြီးသည် ပိုမိုပူနွေးလာသည်ကို ခံစားသိမြင်ကြရမည်ဖြစ်ပြီး ထိုသို့ဖြစ်ပေါ်လာရခြင်းသည် သစ်ပင်သစ်တောများ ပြုန်းတီးလာမှုကို တိုက်ရိုက်ညွှန်းဆို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၂၀၀၉-၂၀၁၀ ပြည့်နှစ် ကာလများတွင် အပူပိုင်းဒေသများဖြစ်သည့် စစ်ကိုင်း၊ မြင်းမူဒေသများသည် စံချိန်တင်အမြင့်ဆုံးအပူချိန်ကို ခံစားခဲ့ရပြီး ၂၀၂၄ ခုနှစ်တွင် ချောက်၊ မန္တလေးနှင့် ညောင်ဦးဒေသများတွင် အမြင့်ဆုံးအပူချိန်များကို ခံစားခဲ့ရကြောင်းကို မိုးလေဝသမှတ်တမ်းများအရ သိရှိရကြောင်း၊ အမြင့်ဆုံးစံချိန်တင် အပူချိန်များကို ခံစားရသည်နှင့်အမျှ လူသားတို့၏ သက်ရှည်ကျန်းမာရေးအပြင် စိုက်ပျိုးရေး၊ သောက်သုံးရေ စသည့်ကဏ္ဍများမှာပါ နောက်ဆက်တွဲ ဆိုးကျိုးများအဖြစ် ခံစားလာကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့" ဆိုသည့် မူဝါဒနှင့်အညီ သစ်ပင်သစ်တောကဏ္ဍ ပြည့်စုံကြွယ်ဝရေးမှသည် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအထိ မျှော်မှန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သယံဇာတဆိုသည်မှာ သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးနိုင်သည့် သယံဇာတရှိသကဲ့သို့ ပြန်လည်မပြည့်ဖြိုးသည့် သယံဇာတများလည်းရှိကြောင်း၊ အဆိုပါ သယံဇာတများအနက် သစ်ပင်သစ်တောများသည် ပြန်ပေါက်တောဆိုသည့် သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးလာတတ်သည့် သဘာဝသယံဇာတတစ်ခုပင် ဖြစ်ကြောင်း၊ သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းခြင်းနှင့်အတူ လူသားများ၏ သက်ရှည်ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် လူသားသဘာဝကို ကောင်းမွန်စွာ တည်ဆောက်နိုင်သကဲ့သို့ သားရဲတိရစ္ဆာန်များ၏ မျိုးသုဉ်းပျောက်ကွယ်ခြင်းမှလည်း ကာကွယ်ထိန်းသိမ်းရာရောက်ကြောင်း။

ယခုပေါ်ပေါက်လာခဲ့သည့် ပြည်သူကရွေးချယ်တင်မြှောက်လိုက်သည့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေသကဲ့သို့ မြို့ပြအင်္ဂါရပ်များ ဖွံ့ဖြိုးရေးကိုလည်း အရှိန်အဟုန်နှင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

မြို့ပြ၊ ကျေးလက်များ၏ ပြင်ပဖြစ်သည့် မြေလွတ်မြေရိုင်းများတွင် သစ်ပင်သစ်တောများ ပြည့်ဖြိုးရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်နေသလို မြို့ပြ၊ ရပ်ကွက်၊ ကျေးရွာများ၊ အများသူငှာ သွားလာနေကြသည့် လမ်းမကြီးများ၊ တပ်ရင်းတပ်ဖွဲ့များ၏ အဆောက်အအုံများအနားတွင် လေပြင်းဒဏ်ကို ကာကွယ်နိုင်ရန် အရိပ်ရလေကာပင်များ၊ နှစ်ရှည် စားသုံးသီးနှံပင်များကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ သို့မှသာ သစ်ပင်သစ်တောများကြောင့် မြို့ပြအင်္ဂါရပ်ကို ထိခိုက်စေနိုင်မည့် အကြောင်းတရားများကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

တပ်မတော်သည် နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထာဝစဉ်ဆောင်ရွက်ပေးနေသည့် ကာကွယ်ရေးအင်အားစုကြီး တစ်ရပ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံတော်အပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များကိုလည်း ကြိုတင်မြော်တွေးပြီး ပြင်ဆင်ဆောင်ရွက်ထားရမည့် လုပ်ငန်းစဉ်များပင်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်မပျက်စီးရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို နှစ်စဉ်ပုံမှန်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် စသည့် ရည်ရွယ်ချက်ကောင်းများနှင့် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့တပ်မတော်အနေဖြင့် ကောင်းမြတ်သည့် ရည်မှန်းချက်များနှင့် သစ်ပင်စိုက်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပစိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ် နယ်မြေများ၊ တပ်ရင်း/ တပ်ဖွဲ့ နယ်မြေဒေသအသီးသီးတွင် သစ်ပင်စိုက်ပွဲများကျင်းပပြီး အားကျိုးမာန်တက် စိုက်ပျိုးနေကြသကဲ့သို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအနေဖြင့်လည်း ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပွဲအထိ သစ်ပင်စိုက်ပွဲ စုစုပေါင်း (၄၄) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ရတနာတန်းဝင်ပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်စသည့် *စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၉ မှ*

ရွေးချယ်မှုတို့အရ အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု(သို့မဟုတ်) တိုင်းဒေသကြီးရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အတိုင်း လျာထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီတွင် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၃) ဒေါ်ကျော့ယဉ်ဝင်း **အစား** စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးသိန်းလှိုင်ကို အဖွဲ့ဝင်အဖြစ် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သတ္တု၊ သယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ပေးအပ်ခံရသည့် ရှော်ဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဒေါ်ဇင်ပပဦးက သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးလှသိန်းနှင့် အတွင်းရေးမှူးအဖြစ် ရှော်ဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဒေါ်ဇင်ပပဦးတို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ တာဝန်ပေးအပ်ခံရသည့် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဦးဇော်မင်းသန်းက ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဒေါက်တာစောနေလင်းအောင်နှင့် အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဦးဇော်မင်းသန်းတို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ ကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တာဝန်ပေးအပ်ခံရသည့် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးဖြိုးဝေလင်းက ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်စိုးနှင့် အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးဖြိုးဝေလင်းတို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို ဇွန် ၂၅ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*
အပင်မျိုးစုံ ၂၀၈၄၂၅ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကျင်းပသည့် ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပွဲမှာ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်ပင် စုစုပေါင်း အပင် ၂၄၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပရာတွင် စီစဉ်ကြီးကြပ်သည့်သူများအနေဖြင့် ဒေသအတွက် အမှန်တကယ် သစ်တောဖုံးလွှမ်းမှု လိုအပ်ချက်ရှိနေသည့် နေရာများကို အကြိမ်အရေအတွက်အလိုက် စနစ်တကျစိစစ်ပြီး ကနဦးရွေးချယ်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးပြီး မြေနေရာအလိုက် စိုက်ပျိုးပြီးခဲ့သည့်နေရာများတွင် သစ်ပင်သစ်တောများ၏ ရှင်သန်ကြီးပြင်းမှုကိုလည်း ထိန်းသိမ်းသွားကြရန် အထူးလိုအပ်ကြောင်း၊ သို့မှသာ နှစ်အလိုက် စိုက်ပျိုးပြီးသမျှ ရှင်သန်ကြီးထွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အနှစ်သာရရှိရှိ အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၁၁၂၃၅ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၃၄၉၃ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၄၄၉၅ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၂၉၇ ပင်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၁၄၁၆၅ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၂၉၇၉ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၅၆၈၃ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၄၆၄၃ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၄၉၀၅၃ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၉၁၃၃ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၁၁၃၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ အပင် ၇၁၂၀၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၄၇၉၈၇ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၂၈၆၁ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၃၅၆၇၄ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ပဲခူးမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ လစဉ်ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**ပဲခူး ဇွန် ၂၂**

(၄၃)ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး၏ နှစ်(၁၂၀)ပြည့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး ဝန်ထမ်းများက စမ်းသပ်စစ်ဆေး ကုသပေးနေမှု၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပရဟိတ အဖွဲ့အစည်းများက ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုနှင့် ရေသန့်၊ ကော်ဖီနှင့် အာဟာရမုန့်များ အခမဲ့ တိုက်ကျွေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) အသင်းကြီး တည်ထောင်သည့် နှစ်(၁၂၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြု သွေးလှူဒါန်းပွဲတွင် လာရောက် သွေးလှူဒါန်းသည့် သွေးအလှူရှင်များအား ကြက်ဥ၊ အချိုရည်နှင့် အာဟာရမုန့်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



## အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁၄)သင်တန်းဖွင့်လှစ်

**ရန်ကုန် ဇွန် ၂၂**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁၄) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အရာထမ်းလောင်း (အထူး)သင်တန်း အမှတ်စဉ်(၁၅)နှင့် အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃၆) သင်တန်းသားသင်တန်းသူများ၏ သင်ခန်းစာပို့ချသင်ကြားနေမှု၊ အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၂၆)နှင့် အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ် (၁၅) သင်တန်းသား သင်တန်းသူတို့၏ လက်နက်မဲ့စစ်ရေးပြသင်ခန်းစာ လေ့ကျင့်သင်ကြားနေမှု၊ တက္ကသိုလ်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၊ တက္ကသိုလ်ဆေးရုံနှင့် သင်တန်းသားသင်တန်းသူများ၏ စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စံပယ်ဆောင်စားရိပ်သာ၌ အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁၄)မှ သင်တန်းသူများနှင့် နေ့လယ်စာကို အတူတကွ သုံးဆောင်သည်။

ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လေ့ကျင့်သင်ကြားရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စစ်ကိုင်းမြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မုံရွာ ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် ရှစ်လက်မ စက်ရေတွင်း နှစ်တွင်း၊ ရေဂါလန် ၂၀၀၀၀ ဆံ့ ရေလှောင်ကန်၊ Pump House တစ်လုံးနှင့် 315 KVA Transformer တစ်လုံး တည်ဆောက်မည့် မြေနေရာများကို ကြည့်ရှုပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းပညာရေးတက္ကသိုလ်ကျောင်းဝင်းအတွင်းရှိ Recreation Center နှစ်ထပ်အဆောက်အအုံ တည်ဆောက်နေမှု၊ လျှင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ မဟာစေတီကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်မွမ်းမံနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပဲခူးတိုင်းဒေသကြီး လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဇွန် ၂၀ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဝါးကတုတ် ရေလှောင်တမံ ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေလှောင်တမံကြွခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံရှင်းလင်းဆောင်၌ ပဲခူးတိုင်းဒေသကြီး လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မိုးရာသီအတွင်း ရေလှောင်တမံများ၊ ရေဘေးကာကွယ်ရေးတာများ၏ ရေဘေးကာကွယ်ရေးနှင့် ရေကြီးရေလျှံ လျော့ပါးစေရေးအတွက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက် (EPP – Emergency Preparedness Plan) အတိုင်း ကြိုတင်ကာကွယ်မှုများ အလေးထား ဆောင်ရွက်ကြရန်၊ မိုးသီးနှံများ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဓာတ်မြေဩဇာ သုံးစွဲမှုလျှော့ချပြီး သဘာဝမြေဩဇာနှင့် မြေဆွေးပုံများ ပိုမိုတိုးတက် ထုတ်လုပ်သုံးစွဲရေးနှင့် စာရင်းဇယားမှန်ကန်ရေး အလေးထား ဆောင်ရွက်ကြရန်၊ လယ်ယာမြေ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသေးစိတ်မြေပြင် ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်၍ မြေပြင်အနေအထားပေါ် မူတည်ပြီး ရေစီးရေလာအနေအထား၊ ရေဝပ်နိုင်မှု ရှိ မရှိ၊ ရေထုတ်နုတ်မှုကောင်းမွန်အောင် ရေနုတ်မြောင်းစနစ်ပါ ထည့်သွင်းစဉ်းစားနိုင်ရေး သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လူသားတိုင်းအတွက် ကြိုတင်ကာကွယ်မူးယစ်ဆေးဝါးအန္တရာယ် အပိုင်း(၃)

**ဒေါက်တာလပြည့်ခင်**

**ပရီကာဆာထိန်းချုပ်ဓာတုပစ္စည်းများ ထိန်းချုပ်ရေး အဓိကဦးစားပေး**

ကမ္ဘာ့မူးယစ်ဆေးဝါး ပြဿနာကိုဖြေရှင်းနိုင်ရန် ပရီကာဆာဓာတုပစ္စည်းများ ထိန်းချုပ်ရေးကို ဦးစားပေးဆောင်ရွက်ရန်မှာ အဓိကဖြစ်နေပြီး ပရီကာဆာထိန်းချုပ်ရေးနှင့် ပတ်သက်၍ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဥပဒေ၊ နည်းဥပဒေများ ကွဲပြားခြားနားမှု၊ အိမ်နီးချင်းနိုင်ငံများနှင့် ရှည်လျားသော နယ်နိမိတ်ထိစပ်နေမှုအပေါ် အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အဓိကလိုအပ်သည့် ပရီကာဆာဓာတုပစ္စည်းများ(Precursor Chemicals)သည် နယ်စပ်ဒေသများမှတစ်ဆင့် တရားမဝင်နည်းလမ်းမျိုးစုံနှင့် ဝင်ရောက်လျက်ရှိခြင်းတို့ကြောင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့်ပူးပေါင်း၍ အထူးစစ်ဆင်ရေးများကိုလည်း ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုများသည် ဒေသတွင်း မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုနှင့် ထုတ်လုပ်မှုများအပေါ် များစွာအကျိုးသက်ရောက်မှုမရှိဘဲ ရောင်းလိုအားနှင့် ဝယ်လိုအား နှစ်မျိုးလုံးခြိမ်းခြောက် ရင်ဆိုင်နေရဆဲဖြစ်ခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ပရီကာဆာဓာတုပစ္စည်းများမှာ တရားမဝင် နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်လာမှုများကြောင့် ဒေသတွင်း လူလုပ်ဆေးဝါး (Synthetic Drugs) ထုတ်လုပ်မှုများ ဆက်လက်မြင့်မားလျက်ရှိခြင်း၊ ဈေးနှုန်းသက်သာပြီး အရည်အသွေး ပိုမိုကောင်းမွန်လာသော လူလုပ်ဆေးဝါးအသစ်များ ပေါ်ထွက်နေသည့်အပြင် နည်းပညာတိုးတက်လာမှုနှင့်အတူ ဒေသတွင်း၊ ဒေသအပြင်ဘက်ရှိ မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းများ၏ ပါဝင်ပတ်သက်မှု၊ ဈေးကွက်ချဲ့ထွင်မှု၊ သယ်ဆောင်ရောင်းဝယ်မှုပုံစံ ပြောင်းလဲလာမှုတို့ကြောင့် မူးယစ်ဆေးဝါး ပြဿနာဆက်လက်ကြီးထွားနေဆဲဖြစ်သည်။

ထို့ကြောင့် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန်မှာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အဓိကမရှိမဖြစ်လိုအပ်သည့် ပရီကာဆာဓာတုပစ္စည်းများကို ထိန်းချုပ်ခြင်း၊ ပရီကာဆာဓာတုပစ္စည်းများထိန်းချုပ်နိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်းတို့ကို တစိုက်မတ်မတ် လုပ်ဆောင်ခြင်းဖြင့်သာ အောင်မြင်မှုရလဒ်ကောင်းများကို ပိုမိုရရှိမည်ဖြစ်သည်။

**၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း**
**မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ဖမ်းဆီးရမိမှုများ**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများအား အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်၍ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ ဆက်စပ်ဌာနဆိုင်ရာများ ပါဝင်သည့် တားဆီးနှိမ်နင်းရေးအဖွဲ့များသည် တစ်နိုင်ငံလုံး လွှမ်းခြုံသည့် မူးယစ်ဆေးဝါးသတင်း ရယူဖော်ထုတ်ဖမ်းဆီးရမိရေး စီမံချက်ချမှတ်ပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် တစ်နှစ်တာကာလအတွင်း ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်စ်၊ ဘိန်းစာမှုန့်၊ ဆေးခြောက်၊ ကက်တမင်းနှင့် ဘိန်းညိုမှုန့်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၇၇ မျိုး စုစုပေါင်း တန်ဖိုး မြန်မာငွေကျပ် ၁၁၆၃ ဘီလီယံကျော်၊ (အမေရိကန်ဒေါ်လာ ၃၄၉ ဒသမ ၄၄၃ သန်း) ဖမ်းဆီးရမိခဲ့ပြီး ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုမှ မြို့နယ် ၂၄ မြို့နယ်တို့တွင် (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် တန်ဖိုးပမာဏကြီးမားများပြားလှစွာသော အဆိုပါမူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများကို ဖျက်ဆီးခဲ့ပါသည်။

**၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း**
**မူးယစ်ဆေးဝါးနှင့်ဓာတုပစ္စည်း ဖမ်းဆီးရမိမှုများ**

၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း၌ မူးယစ်ဆေးဝါးအမှုပေါင်း ၅၃၇၀ မှုမှ တရားခံ ၇၅၆၂ ဦးတို့အား ငွေကျပ် ၁၇၆၁ ဒသမ ၃၂၄ ဘီလီယံတန်ဖိုးရှိ ဘိန်း ၁ တန်ကျော်၊ ဘိန်းဖြူ ၂ ဒသမ ၁ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၇ သန်းကျော်၊ အိုက်စ် (Ices) ၃၇ ဒသမ ၈ တန်ကျော်၊ ဘိန်းစာရွက် ၁ ဒသမ ၅ တန်ကျော်၊ Happy Water ၂၀၄ ကီလိုကျော်၊ ကက်တမင်း (Ketamine) ၁၅ တန်ကျော်အပါအဝင်





ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အခြားမူးယစ်ဆေးဝါးများနှင့်အတူ မောင်းပြန်ရိုင်ဖယ် ၂ လက်၊ ပစ္စတိုသေနတ် အလက် ၄၀၊ လက်လုပ်သေနတ် နှစ်လက်၊ ကျည်မျိုးစုံ ၂၇၆၄ တောင့်၊ လက်ပစ်ဗုံး ငါးလုံးနှင့် ဒီတိုနေတာမျိုးစုံ အချောင်း ၁၈၇၄၀၀ တို့ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုရန် တရားမဝင် တင်သွင်းလာသည့် ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သော Caffeine ၂၂ ဒသမ ၇ တန်ကျော်၊ Acetone လီတာ ၉၆၀၊ Toluene လီတာ ၅၀၄၀ ကျော်၊ Ammonium Chloride ၅ တန်၊ Sodium Cyanide ၂ တန်ကျော်၊ အခြားဓာတုပစ္စည်းများဖြစ်သည့် Sodium Carbonate ၅ တန်၊ Acetic Acid လီတာ ၂၅၆၀၀ ကျော်၊ Nitric Acid လီတာ ၃၈၂၀ အပါအဝင် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အခြားဓာတုပစ္စည်းများအား ဖမ်းဆီးရမိခဲ့ပြီး ရှမ်းပြည်နယ် မိုင်းရယ်မြို့နယ် ပုံတတ်ကျေးရွာအနီး၌ ဘိန်းချက်စခန်းတစ်ခုအား ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအနီး၌ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့်စခန်းနှစ်ခုအား ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ တာချီလိတ်မြို့နယ် ဝမ်ကောင်းမွန်ကျေးရွာရှိ နေအိမ်မှ ဆေးပြားရိုက်စက်နှင့် ဆက်စပ်ပစ္စည်းများအား လည်းကောင်း ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့သည်ကို နိုင်ငံပိုင်သတင်းစာများတွင် ဖတ်ရှုရပါသည်။

ထို့ပြင် ၂၀၂၅-၂၀၂၆ ခုနှစ် ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့၌ ဘိန်းစိုက်ခင်းများအား တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဆက်စပ်ဌာနဆိုင်ရာများ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့ဖြင့် စုစုပေါင်း ဘိန်းစိုက်ခင်း ၅၀၈၄ ဒသမ ၅ ဧက (၂၀၅၇ ဒသမ ၆၆ ဟက်တာ) အား ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

**အများဆုံးဖမ်းဆီးရမိထိန်းချုပ်ဓာတုပစ္စည်းများနှင့်**
**အခြားဓာတုပစ္စည်းအမျိုးအစားများ**

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန် ပရီကာဆာဓာတုပစ္စည်းထိန်းချုပ်ရေးကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည့်အလျောက် ၂၀၂၄ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း UNODC အစီရင်ခံစာနှင့် မြန်မာနိုင်ငံအစိုးရ၏ ဖမ်းဆီးရမိသတင်းများတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှု နှင့်ဆက်စပ်ပြီး အများဆုံးဖမ်းဆီးရမိသော ထိန်းချုပ်ဓာတုပစ္စည်းများမှာ ကဖင်း(Caffeine)၊ အမိုနီယမ်ကလိုရိုက် (Ammonium Chloride)၊ သိုင်အိုနိုင်းကလိုရိုက် (Thionyl Chloride)၊ ဆူဒိုအက်ဖီဒရင်း (Pseudoephedrine)၊ အက်ဖီဒရင်း (Ephedrine)၊ အက်စီတုန်း (Acetone)၊ တော်လူအင်း(Toluene)၊ တာတာရစ်အက်စစ် (Tartaric Acid)နှင့် အခြားဓာတုပစ္စည်းများဖြစ်သည့် အီသိုင်းအက်ဆီတိတ်(Ethyl Acetate)၊ ဆိုဒီယမ်ဆိုင်ယာနိုက်(Sodium Cyanide)၊ မီသိုင်းလမင်း(Methylamine)၊ ဆိုဒီယမ်ကာဗွန်နိတ် (Sodium Carbonate)၊ အက်စီတစ်အက်စစ် (Acetic Acid)နှင့် နိုက်ထရစ်အက်စစ် (Nitric Acid)တို့မှာ အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော**
**ဆေးဝါးများဆိုင်ရာ ဥပဒေ(၁၉၉၃)**

၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေတွင် မူးယစ်ဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်း၊ သယ်ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းခြင်းတို့အတွက် ကျူးလွန်သူကို ထောင်ဒဏ်အနည်းဆုံး ၁၀ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိထောင်ဒဏ်ချမှတ်ရန်ဟု ပါရှိသော်လည်း မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှုမှ ရရှိသည့် အမြတ်အစွန်းသည် အလွန်ကြီးမားသဖြင့် ဖမ်းဆီးခံရပါက ချမှတ်ခံရမည့်ပြစ်ဒဏ်ကို မကြောက်မရွံ့နိုင်လောက်အောင်ပင် ဆွဲဆောင်နေသည့်အားလျော်စွာ မိုက်မဲစွာဖြင့် သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ပေးပို့ခြင်းနှင့် လွှဲပြောင်းခြင်းတို့ကို ပြုလုပ်နေကြခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် သယ်ဆောင်မှုများကို ထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးသည့်နည်းတူ တစ်ဖက်ကလည်း ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်ရေးနှင့် လိုအပ်မှုအရ ၁၉၉၃ ဥပဒေကို ပြန်လည်သုံးသပ်၍ ၁-၂-၂၀၁၈ ရက်နေ့တွင် ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်အရ မူးယစ်ဆေးစွဲသူကို ကျန်းမာရေးပြဿနာအဖြစ် ရှုမြင်သော်လည်း မူးယစ်ဆေးသုံးစွဲရန် အားပေးထားခြင်း မဟုတ်ကြောင်းနှင့် ဆေးသုံးစွဲသူသည် ဆေးကုသမှုကို မပျက်မကွက်ခံယူရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူကို ပဏာမဆေးစစ်ချက်ခံယူရန်၊ ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိပါက ကုသမှုခံယူရန် သတ်မှတ်ထားသည့်ဌာန၊ ဂေဟာတို့သို့ ဆောလျင်စွာပို့ဆောင်ရန် ဆေးသုံးသူက ပဏာမဆေးစစ်ဆေးမှုခံယူရန်လည်းကောင်း၊ ကုသမှုခံယူရန် လည်းကောင်း ပျက်ကွက်ခဲ့ပါက ခံဝန်ချုပ်ဆိုစေသည့် အမိန့်ချမှတ်နိုင်ရန်အတွက် ဆိုင်ရာတရားရုံးသို့ ဦးတိုက်လျှောက်ထားရန် ဆိုင်ရာရဲတပ်ဖွဲ့တွင် တာဝန်ရှိကြောင်း ဥပဒေ၌ ပြဋ္ဌာန်းထားသည်။

**အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ် (၂၀၁၈)**

၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေတွင် မပါဝင်သည့်အချက်များကို ထပ်မံဖြည့်စွက်လျက် အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒသစ်ကို ၂၀-၂-၂၀၁၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါမူဝါဒသစ်အရ မူးယစ်ဆေးစွဲခြင်းကို ကျန်းမာရေးပြဿနာအဖြစ် ရှုမြင်လာခဲ့သည်။

*စာမျက်နှာ ၁၃ သို့*

> **“ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို မိမိတို့နိုင်ငံ၏ အင်အားနှင့် စွမ်းရည်ရှိသမျှ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသော်လည်း မူးယစ်ဆေးဝါးဈေးကွက်သည် နိုင်ငံတကာတွင် ဝယ်လိုအားမြင့်တက်လျက်ရှိသည့်အတွက် ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများ နည်းမျိုးစုံဖြင့် ထိုးဖောက်ဝင်ရောက်လာမှုကလည်း အဓိကရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်ဖြစ်နေသည်။ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုအခြေအနေနှင့် လမ်းကြောင်းအခြေအနေတို့ကို သုံးသပ်ပြီး လိုအပ်သည့်နယ်မြေများတွင် တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော နယ်စပ်ဒေသများတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်နိုင်မှု အားနည်းနေသေးသဖြင့် နှစ်နိုင်ငံနယ်စပ် ဒေသတစ်လျှောက် တရားမဝင် ဝင်ပေါက်ထွက်ပေါက်များ ရှိရာဒေသများတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအား သက်ဆိုင်ရာနိုင်ငံများက ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ် ”**

# ရှောင်လေဝေးဝေး မူးယစ်ဆေး

✷ ငယ်စဉ်ခါက၊ သင်ခဲ့ရသည်
မှတ်ကြခပင်း ၊ ဘိန်းဘင်းကစော်
လော်စာသောက်စား၊ ပြုသူများ
စီးပွားပျက်လိမ့်မည်။
✷ ဘိန်းဖြူဘိန်းမဲ၊ တနဲဆေးခြောက်
စိတ်ဖောက်စိတ်ကြွ၊ ထိန်းမရ၍
ဘဝတစ်လျှောက်၊ မှောက်မှောက်မှားမှား
ဖောက်ပြားအကျင့်၊ မချင့်မချိန်
နှလုံးအိမ်ဝယ်၊ ငြိတွယ်စွဲလမ်း
ငရဲပန်းကို၊ နတ်ပန်းထင်လျက်
ဆွဲငင်ယူသုံး၊ ဘဝဆုံးထိ
မြင်သိခဲ့ရ သာဓက။
✷ ယနေ့လူငယ်၊ မှတ်သားဖွယ်စုံ
ဖွင့်ဟကုန်အံ့၊ လုံးစုံနည်းလမ်း
အလှမ်းဝေးဝေး၊ မူးယစ်ဆေးကို
ရှောင်ပြေးစေညား၊ သင်လှုပ်ရှားလော့
အားကစားမြှင့်တင်၊ စိတ်လန်းရွှင်ပြီး
ဆန့်ကျင်ဆေးဝါး သတိထားလော့။
✷ ဩော် မူးယစ်ဆေးဝါး၊ သုံးသူများနှင့်
တရားမဝင်၊ ရောင်းဝယ်ချင်ကြ
လူ့အန္တကို၊ မုချဆက်ဆက်
တိုက်ဖျက်ရမည်၊ မှန်းရွယ်ရည်၍
တူညီစိတ်ဝမ်း၊ မှုတော်ထမ်းလို့
ငါတို့အစဉ်၊ သတိယှဉ်လော့
ရှောင်ကြဉ်ဝေးဝေးမူးယစ်ဆေး။

**ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့်**
**မူးယစ်ဆေးဝါးဆန့်ကျင်ရေးနေ့ကို ဂုဏ်ပြုလျက်**

***ဘိုမျိုး(ရွှေဘို)***

## နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**တောင်ကြီး ဇွန် ၂၂**
ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များအတွက် ကြက်ဥများ ပေးဝေသည်။

**သင်ထောက်ကူပစ္စည်းများ ပေးအပ်**

ထို့နောက် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) များအား ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တစ်လလျှင် ပင်စင်စား တစ်ဦးလျှင် စားအုန်းဆီ တစ်ပိဿာ ၅၀ ကျပ်သားနှင့် ဆန်ရှစ်ပြည်ကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးပြီး အေးသာယာမြို့ ရပ်ကွက်(၃)ရှိမဏ္ဍပ်၌ ကျင်းပသည့် စက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး စက်ချုပ်နည်းပညာသင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။



ယင်းနောက် ညောင်ရွှေမြို့ ဟူပင်ဟိုတယ်၌ ကျင်းပသည့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း သုံးမျိုးဖွင့်ပွဲသို့ တက်ရောက် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဇွန် ၂၂**
ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၂ မှ*

မြန်မာနိုင်ငံ အကျဉ်းထောင်များရှိ အကျဉ်းသားဦးရေ စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းမှာ မူးယစ်ဆေးသုံးစွဲသူများနှင့် ဆက်စပ်အမှုများ ကျူးလွန်ခြင်းကြောင့် အပြစ်ကျခံရသူများဖြစ်သည်ကို တွေ့ရှိရပြီး မြစ်ကြီးနား၊ လားရှိုးကဲ့သို့ အကျဉ်းထောင်များတွင် မူးယစ်ဆေးမှုကြောင့် ကျသည့် အကျဉ်းသားရာခိုင်နှုန်းမှာ ၇၀ ရာခိုင်နှုန်းမှ ဖ၀ ရာခိုင်နှုန်းအထိ မြင့်မားနေပြီး အကျဉ်းထောင်များ၏ ဘဏ္ဍာငွေသုံးစွဲမှုနှင့် စီမံခန့်ခွဲမှုများတွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့ပါသည်။

မူးယစ်ဆေးသုံးစွဲသူများအား ဥပဒေအရ တရားစီရင်အပြစ်ပေးခြင်းသည် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်ကို ဝန်ထုပ်ဝန်ပိုးဖြစ်စေရုံသာမက အကျဉ်းကျခြင်းခံရသော မူးယစ်ဆေးဝါး သုံးစွဲသူများအပါအဝင် ၎င်းတို့၏မိသားစုများနှင့် လူ့အဖွဲ့အစည်းအပေါ် ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာဆိုးကျိုးများ ကျရောက်စေလျက်ရှိသည်ကို တွေ့ရှိရကြောင်းဖြင့်လည်း မူဝါဒသစ်တွင် သုံးသပ်ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများ**

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့ပြဿနာဖြစ်သကဲ့သို့ မိမိတို့နိုင်ငံအတွက်လည်း နှစ်ပရိစ္ဆေဒကြာညောင်းပြီဖြစ်သည့် အမျိုးသားရေးပြဿနာဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲသူများကို ဆေးဝါးကုသခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် သက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်းတို့ ပြုလုပ်ပေးရမည်ဖြစ်သလို စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့အတွက် ပြစ်ဒဏ်မှာ နှစ်ရှည်လများထောင်ဒဏ်မှသည် သေဒဏ်အထိ ပြင်းထန်စွာရှိပြီးဖြစ်သည်။

ထို့ကြောင့် မူးယစ်ဆေးဝါးကုန်သွယ်မှုများကို ထိရောက်စွာစုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှုနှင့် အဂတိလိုက်စားမှုတို့ကို တိုက်ဖျက်ခြင်းအပါအဝင် ဘက်ပေါင်းစုံမှ နည်းလမ်းပေါင်းစုံဖြင့် နှိမ်နင်းတိုက်ဖျက်ရမည်ဖြစ်သည်။ သို့ရာတွင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်နိုင်ငံတည်းဖြင့် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်၍မရဘဲ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများဖြင့် အပြန်အလှန်ကူညီထောက်ပံ့မှုများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှသာ ထိရောက်စွာ ထိန်းချုပ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**ပရီကာဆာဓာတုပစ္စည်းများနှင့် စိန်ခေါ်မှု**

စိတ်ပြောင်းဆေးဝါးနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သည့် ပရီကာဆာဓာတုပစ္စည်းများ သယ်ဆောင်ရောင်းဝယ်မှု



ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားထုပ်ပိုးမှုပုံစံ။

လွန်စွာ မြင့်မားလာသဖြင့် ပရီကာဆာ ဓာတုပစ္စည်းထိန်းချုပ်မှုသည် အရေးတကြီးဆောင်ရွက်ရမည့် ကိစ္စတစ်ခုဖြစ်လာသည်။ မြန်မာနိုင်ငံအနေဖြင့် ပရီကာဆာထုတ်လုပ်သည့်နည်းပညာများနှင့် စက်ရုံ၊ အလုပ်ရုံများ မရှိသော်လည်း နိုင်ငံ၏ရှည်လျားလှသည့် နယ်နိမိတ်တွင် ဝင်ပေါက်ထွက်ပေါက်များကို အပြည့်အဝထိန်းချုပ်ရန် ခက်ခဲပြီး မူးယစ်ဆေးဝါးထုတ်လုပ်သူများအနေဖြင့် နယ်စပ်ဒေသတွင်ရှိနေသည့် အဖွဲ့အစည်းအချို့ကို အသုံးချအခွင့်ကောင်းယူ၍ ပရီကာဆာ ဓာတုပစ္စည်းများ နယ်စပ်ဒေသမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေမှုကလည်း မိမိတို့နိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်ပြီး မူးယစ်ဆေးဝါးမှုခင်းများမှာ နိုင်ငံတကာ ရာဇဝတ်ဂိုဏ်းများ ပါဝင်ပတ်သက်နေကြသည့် နိုင်ငံဖြတ်ကျော်မှုခင်းများ ဖြစ်ကြသည်။ မူးယစ်ဆေးဝါးပြဿနာတွင် အဓိကဖြစ်သည့် မက်သ်အဖက်တမင်း ထုတ်လုပ်ဖြန့်ချိမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏အမည်မှာ ထိပ်ဆုံးမှပါလေ့ရှိသည်။ မက်သ်အဖက်တမင်းအပါအဝင် ဓာတုပစ္စည်းများကို အခြေခံထုတ်လုပ်သည့် မူးယစ်ဆေးဝါးများအတွက် လိုအပ်သော ဓာတုပစ္စည်းများကို မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိဘဲ အိမ်နီးချင်းနိုင်ငံများက ထုတ်လုပ်ကြခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို မိမိတို့နိုင်ငံ၏ အင်အားနှင့် စွမ်းရည်ရှိသမျှ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသော်လည်း မူးယစ်ဆေးဝါးဈေးကွက်သည် နိုင်ငံတကာတွင် ဝယ်လိုအား မြင့်တက်လျက်ရှိသည့်အတွက် ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများ နည်းမျိုးစုံဖြင့် ထိုးဖောက်ဝင်ရောက်လာမှုကလည်း အဓိကရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်ဖြစ်နေသည်။ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုအခြေအနေနှင့် လမ်းကြောင်းအခြေအနေတို့ကို သုံးသပ်ပြီး လိုအပ်သည့် နယ်မြေများတွင် တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော နယ်စပ်ဒေသများတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်နိုင်မှု အားနည်းနေသေးသဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် တရားမဝင် ဝင်ပေါက်ထွက်ပေါက်များ ရှိရာဒေသများတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအား သက်ဆိုင်ရာ နိုင်ငံများက ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများတွင် နိုင်ငံအတွင်းရှိ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များ၏ နက်ရှိုင်းစွာ ပါဝင်နေမှုများက ပြဿနာကို ပိုမိုဆိုးရွားစေပြီး ပြဿနာဖြေရှင်းရေးတွင် ပိုမိုခက်ခဲစေလျက်ရှိသည်။ လက်နက်ကိုင်အဖွဲ့များ ကြီးစိုးရာနေရာများတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခက်ခဲနေပြီး သတင်းရရှိရန်မှာလည်း လွန်စွာခက်ခဲလျက်ရှိသည်။ သို့သော် လမ်းကြောင်းတစ်လျှောက်ရှိ ငြိမ်းချမ်းသောနယ်မြေများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်မှုသတင်းများကို သက်ဆိုင်ရာသို့ ပေးပို့ခြင်းဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အတူလက်တွဲဆောင်ရွက်သွားရန် လိုအပ်သည်။ မူးယစ်ဆေးဝါးပြဿနာမှာ လူသားမျိုးနွယ်စုတစ်ခုလုံးနှင့် သက်ဆိုင်နေသဖြင့် နိုင်ငံသားတိုင်း လူသားတိုင်းတွင် တာဝန်ရှိသည်ဟု ခံယူလုပ်ဆောင်ရမည့်အချိန်ဖြစ်သည်။

အနှစ်ချုပ်အားဖြင့် အန္တရာယ်ကြီးမားလာသော မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြဿနာများ၊ စိန်ခေါ်မှုများ စသည့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်းများသည် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် နိုင်ငံတစ်ဝန်း အေးချမ်းသာယာရေးတို့နှင့်ပါ ဆက်နွယ်လျက်ရှိသောကြောင့် မူးယစ်ဆေးဝါးများထုတ်လုပ်မှု၊ မူးယစ်ဆေးနှင့် ဓာတုပစ္စည်းများ သယ်ဆောင်မှု၊ သိုလှောင်မှု၊ ရောင်းဝယ်ဖောက်ကားမှုတို့ကို ဖော်ထုတ်နှိမ်နင်းတိုက်ဖျက်ရာတွင် အောင်မြင်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ဝိုင်းဝန်းကူညီလက်တွဲ၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြမှသာ မူးယစ်ဆေးဝါး အန္တရာယ်မှာ တဖြည်းဖြည်းလျော့နည်းကျဆင်းလာမည်ဖြစ်ပါကြောင်း ၂၆-၆-၂၀၂၆ ရက်နေ့တွင် ကျရောက်မည့် (၃၉)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## အီဂျစ်နှင့် တူကီယဲတို့ ပူးတွဲလေကြောင်း စစ်ရေးလေ့ကျင့်မှုပြုလုပ်

**ကိုင်ရို ဇွန် ၂၂**

အီဂျစ်နှင့် တူကီယဲတို့သည် အီဂျစ်နိုင်ငံရှိ လေတပ်အခြေစိုက်စခန်းအများအပြားတွင် ရက်များစွာကြာ ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှုများကို လုပ်ဆောင်ခဲ့ကြောင်း အီဂျစ်စစ်ဘက်ရေးရာက ဇွန် ၂၁ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှုတွင် နှစ်နိုင်ငံစလုံးမှ နောက်ဆုံးပေါ် ဂျက်တိုက်လေယာဉ်များပါဝင်ပြီး ဗျူဟာမြောက်စစ်ရေးလေ့ကျင့်မှုအခြေအနေများနှင့် လေကြောင်းဆိုင်ရာ ပျံသန်းလှုပ်ရှားမှုများ လုပ်ဆောင်ခဲ့ကြကာ စစ်ရေးဗျူဟာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အပြန်အလှန်ဖလှယ်ခွင့်ရရှိခဲ့ကြောင်း အီဂျစ်တပ်မတော်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုမှာ အီဂျစ်လေတပ်နှင့် မိတ်ဖက်နိုင်ငံများမှ လေတပ်တို့အကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အီဂျစ်နှင့် တူကီယဲနိုင်ငံတို့သည် ၂၀၁၃ ခုနှစ်နောက်ပိုင်း ဆယ်စုနှစ်တစ်စုနီးပါးကြာ ဆက်ဆံရေးတင်းမာမှုများ ဖြစ်ပွားခဲ့သည်။ သို့သော်လည်း အီဂျစ်နှင့် တူကီယဲနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးမှာ မကြာသေးမီနှစ်များအတွင်း တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် သံအမတ်များ အပြန်အလှန် ပြန်လည်ခန့်အပ်နိုင်သည်အထိ ဆက်ဆံရေး တိုးတက်အားကောင်းလာခဲ့သည်။ **ဆင်ဟွာ**

## တူကီယဲနိုင်ငံ၌ တောရိုင်းတိရစ္ဆာန်အရေအတွက် တိုးမြှင့်ရန် ငှက်ကောင်ရေ ၅၁၀၀၀ လွှတ်ပေးမည်

**အစ္စတန်ဘူလ် ဇွန် ၂၂**

တူကီယဲနိုင်ငံသည် နိုင်ငံတစ်ဝန်း တောရိုင်းတိရစ္ဆာန်များ ပြန်လည်ဖြည့်တင်းရန်နှင့် စိုက်ပျိုးရေးဖျက်ပိုးမွှားများ ထိန်းချုပ်ရေး အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယခုနှစ်အတွင်း သဘာဝပတ်ဝန်းကျင်သို့ ငှက်ကောင်ရေ ၅၁၀၀၀ ကို လွှတ်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီး အီဘရာဟင် ယုမာ့ခ်လီက ဇွန် ၂၁ ရက်တွင် ပြောကြားသည်။

အဆိုပါအစီအစဉ်အရ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာနသည် ပြည်နယ် ၆၂ ခုရှိ နေရာ ၁၅၆ ခုတွင် ခါငှက်ကောင်ရေ ၃၉၂၅၀ နှင့် ရစ်ငှက်ကောင်ရေ ၁၁၇၅၀ ကို လွှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းသည် စိုက်ပျိုးရေးဖျက်ပိုးမွှားများကို ထိန်းချုပ်နိုင်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးကို အထောက်အကူပြုရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ စာသင်ကျောင်းတစ်ကျောင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ သုံးဦးသေဆုံးပြီး ငါးဦးထိခိုက်ဒဏ်ရာရ

**မနီလာ ဇွန် ၂၂**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းရှိ စာသင်ကျောင်းတစ်ကျောင်းတွင် ဇွန် ၂၂ ရက်က သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာ သုံးဦး သေဆုံးပြီး ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

တက်ကလိုဘန်မြို့ ဆန်ဟိုဆေးအမျိုးသား အထက်တန်းကျောင်းတွင် သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သံသယရှိသူ နှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ကနဦးစုံစမ်းစစ်ဆေးမှုများတွင် သေနတ်ပစ်ခတ်သူ နှစ်ဦးစလုံးမှာ အရွယ်မရောက်သေးသူများဖြစ်ကြောင်း သိရသည်။

ဒေသတွင်း မီဒီယာများ၏ ထုတ်ပြန်ချက်အရ သေနတ်ပစ်ခတ်သူတစ်ဦးမှာ အဆိုပါကျောင်းမှ အသက် ၁၅ နှစ်အရွယ် ကိုးတန်းကျောင်းသား တစ်ဦးဖြစ်ပြီး ကျောင်းပရဝဏ်အတွင်း ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ အခြားသံသယရှိသူမှာလည်း အရွယ်မရောက်သေးသူဖြစ်ပြီး ထွက်ပြေးရန် ကြိုးပမ်းစဉ် ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ သေနတ်ပစ်ခတ်မှုမှာ စာသင်ကျောင်း၌ စာသင်ကြားနေစဉ်အတွင်း ဒေသစံတော်ချိန် နံနက် ၉ နာရီဝန်းကျင်တွင် ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ■ **ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ



### ၂၀၁၃ ခုနှစ်နောက်ပိုင်း လစ်ဗျားနိုင်ငံ၏ ရေနံထုတ်လုပ်မှု အမြင့်ဆုံးစံချိန်တင်

လစ်ဗျားနိုင်ငံ၏ စုစုပေါင်းရေနံထုတ်လုပ်မှုသည် ဇွန် ၂၁ ရက်တွင် တစ်ရက်လျှင် ရေနံစည် ၁ ဒသမ ၄၉ သန်းခန့်အထိရှိလာခဲ့ပြီး ၂၀၁၃ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း အမျိုးသား ရေနံကော်ပိုရေးရှင်း (NOC) က ထုတ်ပြန်သည်။

ရေနံစိမ်းထုတ်လုပ်မှုမှာ တစ်ရက်လျှင် စည် ၁ ဒသမ ၄၄ သန်းရှိပြီး သဘာဝဓာတ်ငွေ့ရည် ထုတ်လုပ်မှုမှာ တစ်ရက်လျှင် ၄၉၁၆၃ စည်ရှိကြောင်း သိရသည်။ လစ်ဗျားနိုင်ငံသည် အစိုးရဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းကျော်နှင့် ပို့ကုန်ဝင်ငွေ၏ ၉၅ ရာခိုင်နှုန်းကျော်မှာ ရေနံကဏ္ဍအပေါ် မှီခိုနေရကြောင်း နိုင်ငံတကာခန့်မှန်းချက်များအရ သိရသည်။

ထို့ပြင် အမျိုးသားရေနံကော်ပိုရေးရှင်းသည် ယခုနှစ် မေလအတွင်း အမေရိကန်ဒေါ်လာ ၄ ဘီလီယံနီးပါး ဝင်ငွေရရှိခဲ့ပြီး ယင်းမှာ ၁၀ နှစ်အတွင်း လစဉ်ဝင်ငွေအများဆုံးရရှိခဲ့သည့်လဖြစ်ခဲ့ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြထားသည်။ **ဆင်ဟွာ**

### ကာတာနိုင်ငံ၌ စက်ရုံပေါက်ကွဲမှုကြောင့် ၅၄ ဦးဒဏ်ရာရပြီး ၁၈ ဦးပျောက်ဆုံး

ကာတာနိုင်ငံ ရက်စ်လက်ဖန် စက်မှုမြို့တော်ရှိ စက်ရုံတစ်ရုံတွင် ယမန်နေ့က ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် လူ ၅၄ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ပြီး ၁၈ ဦး ပျောက်ဆုံးနေကြောင်း ကာတာပြည်ထဲရေးဝန်ကြီးဌာနက ဇွန် ၂၂ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါပေါက်ကွဲမှုသည် ဒိုဟာမြို့၏ မြောက်ဘက်ကီလိုမီတာ ၈၀ ခန့်အကွာရှိကာတာနိုင်ငံ၏အဓိကသဘာဝဓာတ်ငွေ့တင်ပို့ရာဆိပ်ကမ်းဖြစ်သည့် ရက်စ်လက်ဖန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရပြီး နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းမှုတစ်ရပ်ကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။ **ဆင်ဟွာ**

## ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ



**နာမည်ကြီး အင်္ဂလန်၊ ခရိုအေးရှားအသင်းတို့ ပါဝင်တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်တွေကို ဇွန် ၂၄ ရက် နံနက်ပိုင်းမှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နိုင်ပွဲရထားတဲ့ အသင်းအချင်းချင်းတွေ့ဆုံမှုအပြင် ရှုံးပွဲဆက်နေတဲ့ အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်တာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းရရှိပြီး ဘယ်အသင်းက ရလဒ်ဆိုးနဲ့ ကြုံတွေ့သွားမလဲဆိုတာ ရင်ခုန်စိတ်လှုပ်ရှားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။**

# ခြေစွမ်းထက်မြက်တဲ့ နာမည်ကြီး အင်္ဂလန်ကို ဂါနာ အနိုင်ရဖို့ မလွယ်ဘူး

■ မိုးဇက်

### အင်္ဂလန် VS ဂါနာ

ဒီပွဲစဉ်မှာ နိုင်ပွဲရတဲ့အသင်း နောက်တစ်ဆင့်တက်လှမ်းနိုင်မှာဖြစ်လို့ အကြိတ်အနယ်ရှိလာမှာပါ။ တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းနဲ့ နည်းဗျူဟာပိုင်းမှာ အင်္ဂလန်က သာလွန်မှုရှိတယ်။ ဂါနာမှာ အယူး၊ ဆီမန်ညို၊ ဖာတာဝူတို့လို အရည်အသွေးမြင့်ကစားသမားတွေရှိပေမယ့် ကမ္ဘာ့အဆင့်ထိပ်တန်းကစားသမား အများအပြားပိုင်ဆိုင်ထားတဲ့ အင်္ဂလန်ကို နိုင်ပွဲရတဲ့အထိ စွမ်းဆောင်နိုင်ဖွယ်မရှိဘူး။

| အုပ်စု (L) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ အင်္ဂလန် | ၁ | ၁ | ၀ | ၀ | ၃ |
| ၂။ ဂါနာ | ၁ | ၁ | ၀ | ၀ | ၃ |
| ၃။ ပနားမား | ၁ | ၀ | ၀ | ၁ | ၀ |
| ၄။ ခရိုအေးရှား | ၁ | ၀ | ၀ | ၁ | ၀ |

| ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၁) ရလဒ် | | |
|---|---|---|
| အင်္ဂလန် | ၄-၂ | ခရိုအေးရှား |
| ဂါနာ | ၁-၀ | ပနားမား |

■ **အချိန်** - နံနက် ၂ နာရီခွဲ၊ **အုပ်စု** - အုပ်စု (L)၊ ပွဲစဉ် (၂)၊ **ကွင်း** - Boston Stadium

### ပနားမား VS ခရိုအေးရှား

ပြီးခဲ့တဲ့ပွဲစဉ်မှာ ရှုံးနိမ့်ထားတဲ့ အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာသေချာတယ်။ ခရိုအေးရှားက ပြီးခဲ့တဲ့ပွဲမှာ ရှုံးနိမ့်ခဲ့တယ်ဆိုပေမယ့် အင်္ဂလန်ကို ထိရောက်တဲ့ ဂိုးကန်သွင်းချက်၊ ဂိုးဖန်တီးမှုတွေ ပြုလုပ်ထားနိုင်တယ်။ မည်သို့ပင်ဆိုစေ နိုင်ပွဲရဖို့ ခြေကုန်ထုတ်လာမယ့် ခရိုအေးရှားရဲ့ တိုက်စစ်ကို ပနားမားအသင်း ပွဲချိန်ပြည့် ဟန့်တားဖို့ မလွယ်ဘူး။

| အုပ်စု (L) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ အင်္ဂလန် | ၁ | ၁ | ၀ | ၀ | ၃ |
| ၂။ ဂါနာ | ၁ | ၁ | ၀ | ၀ | ၃ |
| ၃။ ပနားမား | ၁ | ၀ | ၀ | ၁ | ၀ |
| ၄။ ခရိုအေးရှား | ၁ | ၀ | ၀ | ၁ | ၀ |

| ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၁) ရလဒ် | | |
|---|---|---|
| ဂါနာ | ၁-၀ | ပနားမား |
| အင်္ဂလန် | ၄-၂ | ခရိုအေးရှား |

■ **အချိန်** - နံနက် ၅ နာရီခွဲ၊ **အုပ်စု** - အုပ်စု (L)၊ ပွဲစဉ် (၂)၊ **ကွင်း** - Toronto Stadium

### ကိုလံဘီယာ VS ကွန်ဂို

ကိုလံဘီယာက ဒီပွဲစဉ်နိုင်ရင် နောက်တစ်ဆင့်တက်လှမ်းနိုင်မှာဖြစ်လို့ အားစိုက်ကစားလာမှာပါ။ ကွန်ဂိုကလည်း ဒီပွဲစဉ်နိုင်မှ နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက် ရှင်သန်နိုင်မှာဖြစ်လို့ ခြေကုန်ထုတ်လာမှာပါ။ ကွန်ဂိုက ပေါ်တူဂီလို ထိပ်တန်းအသင်းကို သရေကျအောင် ကစားထားနိုင်တယ်။ အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရဖွယ်ရှိပေမယ့် ကိုလံဘီယာအသင်း နိုင်ပွဲရဖွယ်ရှိတယ်။

| အုပ်စု (K) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ ကိုလံဘီယာ | ၁ | ၁ | ၀ | ၀ | ၃ |
| ၂။ ကွန်ဂို | ၁ | ၀ | ၁ | ၀ | ၁ |
| ၃။ ပေါ်တူဂီ | ၁ | ၀ | ၁ | ၀ | ၁ |
| ၄။ ဥဇဘက် | ၁ | ၀ | ၀ | ၁ | ၀ |

| ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၁) ရလဒ် | | |
|---|---|---|
| ဥဇဘက်ကစ္စတန် | ၁-၃ | ကိုလံဘီယာ |
| ပေါ်တူဂီ | ၁-၁ | ကွန်ဂို |

■ **အချိန်** - နံနက် ၈ နာရီခွဲ၊ **အုပ်စု** - အုပ်စု (K)၊ ပွဲစဉ် (၂)၊ **ကွင်း** - Guadalajara Stadium

### ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပထမဆုံးအကြိမ် နိုင်ပွဲရခဲ့သည့် အီဂျစ်

အီဂျစ်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတွင် နိုင်ပွဲမရဖူးသည့် အိပ်မက်ဆိုးကို ဇွန် ၂၂ ရက် နံနက် ၇ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် နယူးဇီလန်အသင်းနှင့် ပွဲစဉ်တွင် သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရယူပြီး အဆုံးသတ်နိုင်ခဲ့ပြီ ဖြစ်သည်။ ၎င်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲကို လေးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိပြီးနောက် နှစ်ပေါင်း ၉၂ နှစ်ကြာ စောင့်ဆိုင်းခဲ့ရသည့် ကမ္ဘာ့ဖလားပထမဆုံးနိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (G) တွင် အီရန်၊ ဘယ်လ်ဂျီယံ၊ နယူးဇီလန်တို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

### ကမ္ဘာ့ဖလားပြိုင်ပွဲ ဂိုးဖန်တီးမှုအများဆုံးကစားသမားများ



| အမည် | ဂိုးဖန်တီးမှု |
|---|---|
| ၁။ အီဆတ် | ၃ |
| ၂။ အွန်ဒက်ဗ် | ၂ |
| ၃။ ဆာလာ | ၂ |
| ၄။ ဒီယက်ဇ် | ၂ |

❒ *ကျောဖုံးမှ*

PDF အမည်ခံအကြမ်းဖက်သမားများသည် ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေသည့် ပညာရေးဆိုင်ရာအဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





**မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဖူလုံကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ဖူလုံ)သို့ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ Drop Bomb ချတိုက်ခိုက်ခဲ့၍ Drop Bomb ကျရောက်ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။**

❂ *ကျောဖုံးမှ*

များကို အလေးထားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆက်မပြတ် အရှိန်အဟုန်မြှင့်တင် ပြတ်ပြတ်သားသား နှိမ်နင်းတိုက်ဖျက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တော်ရွက်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသားနှစ်ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား ၄၇ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၅၉ ဦးတို့အား ဖုန်းမျိုးစုံအလုံး ၂၀၀၊ All In One ကွန်ပျူတာ ၁၀ လုံး၊ Laptop ငါးလုံး၊ ဆိုင်ကယ်မျိုးစုံ ၁၀ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်**

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**




**အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံနှင့် လုပ်ငန်းလုပ်ကိုင်သည့်အခန်းအား တွေ့ရစဉ်။**



**အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သည့် တရားမဝင် တရုတ်နိုင်ငံသားနှစ်ဦးနှင့် လုပ်ငန်းသုံးပစ္စည်းများအား တွေ့ရစဉ်။**




**အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သည့် မြန်မာနိုင်ငံသား အမျိုးသား ၄၇ ဦးနှင့် အမျိုးသမီး ၁၀ ဦးတို့အား တွေ့ရစဉ်။**



❈ *ကျောဖုံးမှ*

စပိန်အသင်းကို ဂိုးမရှိသရေရလဒ်ထွက်ပေါ်အောင် ကစားထားနိုင်ခဲ့ပြီး ယခု အသင်းကြီး ဥရုဂွေးအသင်းနှင့် ပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်အောင် ကစားထားနိုင်သည်အထိ ခြေစွမ်းပြသလျက်ရှိသည်။ ကိတ်ဗာဒီအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဆော်ဒီအာရေဗျအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် အသင်းကြီး ဘယ်လ်ဂျီယံနှင့် အီရန်အသင်း ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။ ဘယ်လ်ဂျီယံအသင်းသည် ပွဲချိန် ၆၆ မိနစ်တွင် နေသန်အင်ဂွိုင်း အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။ သို့သော်လည်း ဘယ်လ်ဂျီယံအသင်းသည် ပွဲချိန်တစ်လျှောက်တွင် ဂိုးကန်သွင်းချက်အသာနှင့်အတူ အီရန်အသင်းကို ခြေစွမ်းအသာဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့သည်။

နံနက် ၇ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် နယူးဇီလန်နှင့် အီဂျစ်အသင်းပွဲစဉ်တွင် အီဂျစ်အသင်းက သုံးဂိုး- တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အီဂျစ်အသင်း၏ အဆိုပါနိုင်ပွဲမှာ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဇော်**

▼ *ကျောဖုံးမှ*

မောင်းနှင်ပြီး မြတ်နိုးအောင် လိုက်ပါလာသည့် FAN အမျိုးအစား ၂၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သို၀ှက်သယ်ဆောင်လာသည့် ဒေသတန်ဖိုးငွေကျပ် ၆၂ ဒသမ ၀၇၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၅၁ တန်၊ စိတ်ကြွဆေးပြား ၆ ဒသမ ၁၅ သန်းတို့ကို ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ပြောင်းဆေးဝါးများအား ပျဉ်းမနားမြို့နယ်မှ ဘားအံသို့ သယ်ဆောင်ခိုင်းသူမှာ တောင်ငူမြို့ ထီးလှိုင်(၁)ရပ်ကွက်နေ အောင်ဇေယျဖြိုး (ခ) ကျော်သူရ (ခ) သူရ (ခ) ကြက်ခေါင်း(ဖမ်းဆီးရန်ကျန်) ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊ ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မင်္ဂလာဒုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကောက်ယူခြင်းကို ယမန်နေ့က ရွှေနံ့သာကျေးရွာအုပ်စု ရွှေနံ့သာစံပြခန်းမ၌ ဆောင်ရွက်ပေးရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက အသက်(၁၀)နှစ်မှ အသက်(၁၈)နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ကွင်းဆင်းဆောင်ရွက်နေမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်လဝကဦးစီးမှူး ဦးထိန်လင်းသိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီစိုက်ပျိုးမွေးမြူရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်ခြင်း

**အိ(Hist)**

- **မိသားစုတစ်ပိုင်တစ်နိုင်မှသည် ဒေသတွင်း အသေးစားစက်မှုလက်မှု လုပ်ငန်းများအထိ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေ တိုးပွားလာစေကာ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်**
- **နောင်မျိုးဆက်သစ်များအတွက် အဖိုးတန်သော မြေနှင့်ရေ အရင်းအမြစ်များ မပျက်စီးစေရန် ဂေဟစနစ်ကို မထိခိုက်စေသော နည်းလမ်းများကို ဦးစားပေးလုပ်ဆောင်ခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်**

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် မိမိတို့နိုင်ငံ၏ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမဏ္ဍိုင်ကြီးဖြစ်ရုံမျှမက ပြည်သူလူထုတစ်ရပ်လုံး၏ စားရေရိက္ခာဖူလုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနေသည့် အခြေခံအကျဆုံး အသက်သွေးကြောပင် ဖြစ်ပါသည်။ နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များကို လှမ်းကိုင်နိုင်ရန်အတွက် ရိုးရာစိုက်ပျိုးမွေးမြူရေးစနစ်များမှသည် ခေတ်မီနည်းပညာများ အသုံးပြုသည့် စီးပွားဖြစ် ကုန်ထုတ်လုပ်မှုစနစ်သို့ ကူးပြောင်းရန်မှာ အရေးကြီးသော လိုအပ်ချက်တစ်ခု ဖြစ်လာပါသည်။

### စိုက်ပျိုးမွေးမြူရေးအပေါ်ထားရှိသည့် အမြင်နှင့် သဘောထားကို ပြုပြင်ပြောင်းလဲခြင်း

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ပင်ပန်းဆင်းရဲသော အလုပ်အဖြစ် ရှုမြင်မည့်အစား သိပ္ပံနည်းကျ နည်းပညာရပ်များနှင့် ပေါင်းစပ်ထားသည့် ခေတ်မီ စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အလေးထား ပြောင်းလဲ လုပ်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

အထွက်နှုန်းကောင်းမွန်ရုံသာမက ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသည့် မျိုးစေ့များကို ဦးစားပေးရွေးချယ်စိုက်ပျိုးခြင်းသည် အောင်မြင်သော စိုက်ပျိုးထုတ်လုပ်မှု၏ ပထမခြေလှမ်းပင် ဖြစ်ပါသည်။

မိမိတို့၏ စိုက်ပျိုးမြေကို သိပ္ပံနည်းကျ ဓာတ်ခွဲစမ်းသပ်ပြီး လိုအပ်သည့် အာဟာရဓာတ်များ ဖြည့်တင်းခြင်း၊ မြေဆီလွှာ ပျက်စီးမှုကို ကာကွယ်ခြင်းဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

ဓာတုဓာတ်မြေဩဇာ အလွန်အကျွံသုံးစွဲခြင်းကို လျှော့ချပြီး သဘာဝမြေဩဇာ (Compost) နှင့် အကျိုးပြုဇက်တီးရီးယားများ အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်ကာ ဘေးကင်းလုံခြုံသော ထွက်ကုန်များကို ရရှိစေနိုင်ပါသည်။

ရေအရင်းအမြစ်ကို အလေအလွင့်မရှိဘဲ အပင်အတွက် အထိရောက်ဆုံးဖြစ်စေမည့် အစက်ချရေပေးစနစ် (Drip Irrigation)နှင့် ဖျန်းရေစနစ်များကို အခြေအနေအရ အသုံးချခြင်းဖြင့် စိုက်ပျိုးစွမ်းအားကို မြှင့်တင်နိုင်ပါသည်။

ဓာတုပိုးသတ်ဆေးများအစား သဘာဝပိုးနှင်ဆေးများနှင့် ပေါင်းစပ်ပိုးမွှား ကာကွယ်ရေးစနစ်ကို ကျင့်သုံးခြင်းဖြင့် ပတ်ဝန်းကျင်ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ကာ အရည်အသွေးမြင့် ထွက်ကုန်များကို ဖော်ဆောင်နိုင်ပါသည်။

### တိရစ္ဆာန်မွေးမြူရေးတွင် ဇီဝလုံခြုံမှုကို အလေးထားခြင်း

မွေးမြူရေးကဏ္ဍတွင် ရောဂါကူးစက်မှုကင်းဝေးစေရန်အတွက် ခြံများ၏ သန့်ရှင်းရေးနှင့် ဝင်ထွက်သွားလာမှု ထိန်းချုပ်ခြင်းဆိုင်ရာ ဇီဝလုံခြုံမှုစံနှုန်းများကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် ဆုံးရှုံးမှုများကို ကာကွယ်နိုင်ပါသည်။

စိုက်ပျိုးရေးမှထွက်သော ဘေးထွက်ပစ္စည်းကို မွေးမြူရေးအစာအဖြစ် သုံးစွဲပြီး မွေးမြူရေးမှ ရသော စွန့်ပစ်ပစ္စည်းကို စိုက်ပျိုးရေးတွင် ပြန်လည်အသုံးချခြင်းဖြင့် အလေအလွင့်မရှိသော စီးပွားရေးပုံစံကို တည်ဆောက်နိုင်ပါသည်။

လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းရန်နှင့် အချိန်ကုန်သက်သာစေရန်အတွက် လက်တွန်းထွန်စက်များမှသည် ရိတ်သိမ်းခြွေလှေ့စက်များအထိ ခေတ်မီစက်ကိရိယာများကို အကျိုးရှိရှိ ပြောင်းလဲသုံးစွဲရန် လိုအပ်လာပါသည်။

စိုက်ပျိုးသီးနှံများကို ကုန်ကြမ်းအတိုင်းရောင်းချခြင်းထက် အဆင့်ဆင့်ပြုပြင်ထုတ်လုပ်ခြင်း နည်းပညာများကို အသုံးပြု၍ ပိုမိုမြင့်မားသော ဈေးကွက်တန်ဖိုးကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

ကုန်ကျစရိတ်နှင့် ဝင်ငွေကို စနစ်တကျမှတ်တမ်းတင်ခြင်းဖြင့် အားနည်းချက်၊ အားသာချက်များကို သိရှိပြီး ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုများကိုပြုလုပ်နိုင်သည့် အလေ့အကျင့်ကောင်းများကို ပျိုးထောင်သင့်ပါသည်။

ထုတ်လုပ်မှုမပြုမီ ဈေးကွက်လိုအပ်ချက်နှင့် ပေါက်ဈေးများကို လေ့လာဆန်းစစ်ပြီးမှသာ ဈေးကွက်အလားအလာရှိသော အမယ်များကို ရွေးချယ်လုပ်ကိုင်ခြင်းဖြင့် အကျိုးအမြတ်ကို ပိုမိုသေချာစေပါသည်။

တောင်သူအချင်းချင်း အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ကုန်ကြမ်းဝယ်ယူရာတွင် အခွင့်အလမ်းသာခြင်းနှင့် ထုတ်ကုန်ရောင်းချရာတွင် ဈေးကွက်အင်အားရရှိစေခြင်းတို့ကို ဖော်ဆောင်နိုင်ပါသည်။

သီးနှံများ ရိတ်သိမ်းပြီးနောက် သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေးတို့တွင် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန် စနစ်တကျထုပ်ပိုးခြင်းနှင့် အအေးခန်းစနစ်များကို အသုံးချခြင်းဖြင့် အရည်အသွေးကို ထိန်းသိမ်းနိုင်ပါသည်။

### ရာသီဥတုပြောင်းလဲမှုကို နားလည်ပြီး လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခြင်း

မိုးလေဝသခန့်မှန်းချက်များကို စဉ်ဆက်မပြတ် နားထောင်ပြီး ရာသီဥတုဒဏ်ခံနိုင်သော သီးနှံပုံစံများနှင့် စိုက်ပျိုးချိန်များကို လိုက်လျောညီထွေ ပြောင်းလဲလုပ်ဆောင်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်များကို ကျော်လွှားနိုင်ပါသည်။

GAP စံနှုန်းများနှင့်အညီ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစားသုံးသူများ၏ ယုံကြည်မှုကို ရရှိရုံသာမက ပြည်ပဈေးကွက်သို့ တင်ပို့နိုင်မည့် အခွင့်အလမ်းသစ်များကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

မိမိဒေသ၏ မြေမျက်နှာသွင်ပြင်နှင့် ရာသီဥတုအခြေအနေများကို အခြေခံ၍ အောင်မြင်ဖြစ်ထွန်းမှုအရှိဆုံးသော အမယ်များကို အထူးပြုလုပ်ကိုင်ခြင်းဖြင့် အကျိုးကျေးဇူးကို ပိုမိုရရှိစေပါသည်။

ခေတ်မီစိုက်ပျိုးမွေးမြူရေးဆိုင်ရာ သင်တန်းများ၊ စာအုပ်စာစောင်များနှင့် အွန်လိုင်းမှ နည်းပညာသစ်များကို အမြဲမပြတ် လေ့လာဆည်းပူးခြင်းဖြင့် မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ပါသည်။

မိသားစုတစ်ပိုင်တစ်နိုင်မှသည် ဒေသတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများအထိ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေ တိုးပွားလာစေကာ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

နောင်မျိုးဆက်သစ်များအတွက် အဖိုးတန်သော မြေနှင့်ရေ အရင်းအမြစ်များ မပျက်စီးစေရန် ဂေဟစနစ်ကို မထိခိုက်စေသော နည်းလမ်းများကို ဦးစားပေးလုပ်ဆောင်ခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်ပါသည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍသည် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်သော အဖိုးတန် ရတနာပင်ဖြစ်ပါသည်။ အထက်ဖော်ပြပါ အချက်များကို လက်တွေ့နယ်ပယ်တွင် ကြိုးပမ်းအကောင်အထည်ဖော်ခြင်းဖြင့် တစ်ဦးချင်းစီ၏ စားဝတ်နေရေးပြဿနာများကို ဖြေရှင်းနိုင်ရုံသာမက နိုင်ငံတော်၏ စီးပွားရေးကိုလည်း အောက်ခြေမှစ၍ တောင့်တင်းခိုင်မာစေမည် ဖြစ်ပါသည်။ ထို့ကြောင့် အသိပညာ၊ အတတ်ပညာနှင့် ဝီရိယကို ပေါင်းစပ်ကာ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် အားလုံးသာယာဝပြောသော ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဆီသို့ အရောက်လှမ်းနိုင်ကြပါစေကြောင်း တိုက်တွန်းနှိုးဆော် ရေးသားအပ်ပါသည်။ ။

## ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်းဖွင့်

ဒိုက်ဦး ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးဆရာဖြစ်သင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးဝေယံကျော်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၂၂ ရက်မှ ၂၆ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။



**စိုးထက်ကျော်(ပြန်/ဆက်)**

## အခြေခံတိုင်းရင်းဆေး ပညာပေးသင်တန်းဖွင့်

လှည်းကူး ဇွန် ၂၂

လှည်းကူးမြို့နယ်၌ အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက လှည်းကူးမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်နှင်းနှင်းအေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူးက တိုင်းရင်းဆေးပညာနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးပြီး သင်တန်းသူ ၃၀ အား သုံးရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အိရွှေစင်လတ်(ပြန်/ဆက်)**



## ရွှေဘိုမြို့၌ မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပ



ရွှေဘို ဇွန် ၂၂

ရွှေဘိုမြို့နယ်၏ ၂၀၁၉ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက်က ရွှေဘိုမြို့ စက်မှုဇုန်၌ ကျင်းပရာ ရွှေဘိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့၊ ရွှေဘိုတက္ကသိုလ်၊ သူနာပြု သင်တန်းကျောင်းနှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၇၀၀ ခန့်တို့က ပျိုးပင် ၇၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## သနပ်ပင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်



**သနပ်ပင် ဇွန် ၂၂**
သနပ်ပင်မြို့နယ် မကြက်စုကျေးရွာအခြေခံပညာ အလက(ခွဲ)ကျောင်း၌ ဇွန် ၂၀ ရက်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ပွဲ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်တို့က ကျောင်းသား ကျောင်းသူ ၁၄၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ပေးအပ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေး

**ရန်ကုန် ဇွန် ၂၂**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံ တက္ကသိုလ်၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဇွန် ၁၈ ရက်က ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာမျိုးမင်းက အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် အမှတ်(၄၁)မူးယစ်တပ်ဖွဲ့စုမှ ဒုတိယရဲမှူး မင်းမင်းထက်က မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။



**အေးမဥ္ဇူ**

## မြို့သစ်မြို့နယ်၌ မှိုစိုက်ပျိုး ထုတ်လုပ်နည်း သင်တန်းဖွင့်



**မြို့သစ် ဇွန် ၂၂**
မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ မှိုစိုက်ပျိုးထုတ်လုပ်နည်း သင်တန်းကို ဇွန် ၂၀ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဖွင့်လှစ်ရာ မြေပြင်သာကျေးရွာ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဒေသတွင်းတောင်သူများတက်ရောက်ကြပြီး သင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးညဏ်မြင့်ဦးက တောင်သူများအနေဖြင့် မြေဧရိယာကျဉ်းကျဉ်းတွင် ငွေနှင်းမှိုစိုက်ပျိုးထုတ်လုပ်၍ တစ်ပိုင်တစ်နိုင် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ကြစေရေးအတွက် မှိုစိုက်ပျိုးနည်းအဆင့်ဆင့်ကို သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ပင်လောင်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

**ပင်လောင်း ဇွန် ၂၂**
ပင်လောင်းမြို့နယ် နောင်တရားမြို့ ပအိုဝ်းအမျိုးသားဘက်စုံသုံးကွင်း၌ ယမန်နေ့တွင် မြို့နယ်သစ်တောဦးစီးဌာနက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲပြုလုပ်ရာ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားများ၊ ဘက်စုံသုံးကွင်းတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများက ချယ်ရီပင်၊ မန်ကျည်းပင်နှင့် ခါတော်မှီပင် ၅၄၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ပုသိမ်မြို့၌ အခြေခံတိုင်းရင်းဆေးပညာသင်တန်းဆင်း




**ပုသိမ် ဇွန် ၂၂**
ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံတိုင်းရင်းဆေးပညာ သင်တန်းဆင်းပွဲကို ယမန်နေ့က ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဝမ်းတွင်းမြို့နယ်၌ အသင်းသားများ စိုက်ပျိုးထားသည့် နွေစပါးစိုက်ခင်းများအား ကွင်းဆင်းစစ်ဆေး

**ဝမ်းတွင်း ဇွန် ၂၂**
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ သမဝါယမအသင်းသားများ စိုက်ပျိုးထားရှိသည့် နွေစပါးစိုက်ခင်းများအား တာဝန်ရှိသူများက ဇွန် ၂၀ ရက်တွင် အင်းခမ်းကြီးကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ဝမ်းတွင်းမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်အေးနှင့် တာဝန်ရှိသူများက အင်းခမ်းကြီးကျေးရွာ အင်းကန်းကြီးလယ်ယာနှင့် အထွေထွေသမဝါယမအသင်းသားများ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အင်းကန်းကြီးလယ်ယာနှင့် အထွေထွေ သမဝါယမအသင်းများ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းဧက ၃၀၀ ရှိပြီး တစ်ဧကလျှင် နွေစပါးတင်း ၈၀ မှ ၁၀၀ ကြား ထွက်ရှိကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## ဝေါမြို့နယ်၌ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ဝေါ ဇွန် ၂၂**
ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇွန် ၂၀ ရက်က မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲတွင် အသင်း ၂၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)



ကျွန်းလှမြို့နယ်၌ အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များကို ဇွန် ၁၆ ရက်က သဖန်းဆိပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဆောင်ရွက်ပေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ မျိုးဝင်းညို - ကျွန်းလှ



တောင်ငူခရိုင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းဌာနမှ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသက်နိုင်ဝင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနိုင်ထက်လွင်နှင့် ဝန်ထမ်းများက ဇွန် ၂၁ ရက်တွင် တောင်ငူမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများ၌ တရားမဝင်ဓာတ်အားသုံးစွဲမှု မရှိစေရန် လုပ်ငန်းသုံးနှင့် အိမ်သုံးမီတာများ ရှောင်တခင်စစ်ဆေးခြင်း၊ Capacitor Bank များ ကောင်းမွန်မှု ရှိ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။

ဇော်ကိုကို (တောင်ငူ)



ကချင်ပြည်နယ် ဟိုပင်မြို့ အခြေခံပညာအထက်တန်း (စက်ကုန်း) ကျောင်းဝင်းအတွင်း ဇွန် ၁၇ ရက်က မြို့အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်နှင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၃၀၀ တို့က သစ်ပင်ချုံနွယ်များ ခုတ်ထွင်ခြင်း၊ မြက်ပင်များရှင်းလင်းခြင်း၊ အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် ရှင်းလင်းစွန့်ပစ်ခြင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း ဖွင့်လှစ်



**နေပြည်တော် ဇွန် ၂၂**
အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၈၄) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ရှိ ရတနာခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးထွန်းထွန်းဝင်းက ဆရာ ဆရာမများ အနေဖြင့် တာဝန်ယူကြရသည့် လုပ်ငန်းကဏ္ဍအလိုက်၊ အဆင့်အလိုက် လုပ်ငန်းများကို စဉ်ဆက်မပြတ် မှန်မှန်ကန်ကန်လုပ်ဆောင်ပြီး နိုင်ငံ့အကျိုးရေးရှု၍ ပြည်သူလူထုကို အလုပ်အကျွေးပြုနေသည့် စည်းကမ်း၊ စနစ်တကျရှိသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း ဖြစ်လာစေရန် ယခုသင်တန်းကို ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ငါးပတ်ကြာ ဖွင့်လှစ်မည်**

အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၉၃ ဦး၊ သင်တန်းသူ ၃၈၁ ဦး စုစုပေါင်း ၄၇၄ ဦး တက်ရောက်ကြပြီး သင်တန်းကို ရက်သတ္တ ငါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အမျိုးသမီးငယ်ကို တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပါက အစစအရာရာအဆင်ပြေကြောင်း လိမ်လည်စည်းရုံးပြောဆိုကာ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၂၂**
အမျိုးသမီးငယ်ကို တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပါက အစစအရာရာ အဆင်ပြေကြောင်း လိမ်လည်စည်းရုံး ပြောဆိုကာ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့ အမှတ်(၇)ရပ်ကွက်နေ မ--- (၂၄)နှစ်သည် ခင်မင်ရင်းနှီးသူ မဝတ်ရည်စိုး (ခ) အငယ်မ (လိပ်စာတူ)ထံ အလုပ်လုပ်ကိုင်လိုကြောင်း ပြောကြားရာ လာအိုနိုင်ငံရှိ တရုတ်သူဌေးထံတွင် အငှားကိုယ်ဝန်ဆောင်ပေးလျှင် အေးအေးဆေးဆေး နေနိုင်မည်ဖြစ်ကြောင်း လိမ်လည်စည်းရုံးပြောဆိုသဖြင့် အမျိုးသမီးငယ်မှ သဘောတူခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အမျိုးသမီးငယ်အား တာချီလိတ်မြို့မှတစ်ဆင့် လာအိုနိုင်ငံသို့ ပို့ဆောင်ခဲ့ရာ အဆင်မပြေသဖြင့် ကျိုင်းတုံမြို့သို့ ပြန်လာခဲ့ကြောင်း။

ထို့နောက် မဝတ်ရည်စိုး(ခ) အငယ်မမှ တရုတ်နိုင်ငံရှိ နားကြပ်စက်ရုံတွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် တရုတ်ယွမ် ၄၅၀၀ ခန့်ရမည်၊ အစစအရာရာ အဆင်ပြေမည်ဟု ထပ်မံလိမ်လည်စည်းရုံးပြောဆိုခဲ့ပြီး ကျိုင်းတုံမြို့အနီးရှိ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် တရုတ်နိုင်ငံ ခန့်နန်မြို့သို့ ပို့ဆောင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသားနှစ်ဦးထံတွင် တရုတ်ဇနီးမယားအဖြစ် အဆင့်ဆင့်ရောင်းစားခံခဲ့ရသော်လည်း အခကြေးငွေရရှိခြင်း မရှိခဲ့ကြောင်း၊ ဒုတိယ တရုတ်အမျိုးသားနှင့် ပေါင်းသင်းနေထိုင်စဉ် တရုတ်ရဲတပ်ဖွဲ့မှ ရောက်ရှိစစ်ဆေးခဲ့ရာ တရုတ်နိုင်ငံအတွင်း တရားမဝင်ဝင်ရောက်မှုဖြင့် ကိုးလခန့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင် ရောက်ရှိခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (နေပြည်တော်)မှ တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ လယ်ဝေးမြို့မရဲစခန်း(ပ) ၂၁၇/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇွန် ၁၈ ရက်တွင် လယ်ဝေးခရိုင် တရားရုံးမှ မဝတ်ရည်စိုး(ခ) အငယ်မအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၂**
အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။


ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဇွန် ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Wutt Hmone Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကြိုးကြာကျေးရွာနေ ဝတ်မှုံဦးအား မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ထုံးဘိုနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဘိုးဒေါနကုန်းကျေးရွာရှိ ပလတ်စတစ်လုပ်ငန်း၌ တရားမဝင် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲထားခြင်းအား လျှပ်စစ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

**နေပြည်တော် ဇွန် ၂၂**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် မသမာသောနည်းဖြင့် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမှုများကို စောင့်ကြည့်စစ်ဆေးဖော်ထုတ်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဇွန် ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း တရားမဝင် ဓာတ်အားသုံးစွဲမှုမရှိစေရေးနှင့် ယူနစ်ပျောက်ဆုံးမှု (Losses) လျှော့နည်းကျဆင်းစေရေးအတွက် မြောက်ပိုင်းခရိုင်မြို့နယ်များတွင် စီမံချက်အစုအဖွဲ့(၂၄)အဖွဲ့ဖြင့် ရှောင်တခင် အသေးစိတ် ဝင်ရောက်စစ်ဆေးခဲ့ရာ မှော်ဘီမြို့နယ် ဘိုးဒေါနကုန်းကျေးရွာရှိ ပလတ်စတစ်လုပ်ငန်းတွင် အသုံးပြုထားသော မီတာမှာ Cover Seal နှင့် Terminal Seal များ ပြုပြင်ထားပြီး မီတာအတွင်း Control Circuit ခံ၍ လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

မီတာအား မသမာသောနည်းဖြင့် ပြုပြင်ထားသည့် မှတ်တမ်းဓာတ်ပုံ။



ယင်းမသမာမှု ဖြစ်စဉ်ကြောင့် လျှပ်စစ်ဓာတ်အား ၃၀၁၄၃၄ ယူနစ် နစ်နာဆုံးရှုံးခဲ့ရသဖြင့် နစ်နာဆုံးရှုံးမှုအတွက် ဓာတ်အားခလျော်ကြေး၊ ဒဏ်ကြေးငွေကျပ် ၁၅၁၀၁၇၂၆၀ ကို ဇွန် ၁၉ ရက်တွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းသို့ ပေးဆောင်စေခဲ့ပြီး မီတာအား ချက်ချင်းဖြုတ်သိမ်း၍ လျှပ်စစ်ဓာတ်အားကို မသမာသောနည်းဖြင့် ရယူသုံးစွဲထားသည့် လုပ်ငန်းရှင်အား လျှပ်စစ်ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် မှော်ဘီမြို့နယ် မြို့မရဲစခန်းတွင် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအပြင် အခြားတိုင်းဒေသကြီး ပြည်နယ်များတွင်လည်း လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနေမှုများကို Control Center မှ စောင့်ကြည့်စစ်ဆေး၍ သံသယဖြစ်ဖွယ်တွေ့ရှိသည်နှင့် မြေပြင်သို့ သွားရောက်ပြီး တရားမဝင် ဓာတ်အားသုံးစွဲမှုများကို စုံစမ်းဖော်ထုတ်အရေးယူခြင်း၊ ပြည်သူများ၏ တိကျစွာ သတင်းပေးတိုင်ကြားလာမှုများအပေါ် ထိရောက်စွာ စစ်ဆေးအရေးယူဆောင်ရွက်ခြင်းတို့ဖြင့် လျှပ်စစ်ဓာတ်အားယူနစ် ပျောက်ဆုံးမှု (Losses) လျော့နည်းကျဆင်းစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းသို့ ဓာတ်အားခိုးယူသုံးစွဲမှုများအား ဖော်ထုတ်လာနိုင်သည်နှင့်အမျှ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အား မသမာသုံးစွဲမှုများနှင့်ပတ်သက်၍ တိကျစွာ သတင်းပေး တိုင်ကြားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ ‘‘ပြည်သူ့ကြားကပြည်သူ့စကား’’ အစီအစဉ်မှ **“နိုင်ငံရဲ့ဖွံ့ဖြိုးမှု ရပ်ပိုင်းဆိုင်ရာ တိုးတက်မှုတွေကို ဖျက်ဆီးနေတဲ့ ပညာမတတ် အကြမ်းဖက် PDF”** ခေါင်းစဉ်ဖြင့် ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဇူလိုင် ၁ ရက် မွန်းလွဲ ၁ နာရီတွင် **“ပိုမိုတိုးတက်လာသော သံတမန်လမ်းကြောင်းနှင့် မြန်မာ့နိုင်ငံရဲ့ ငြိမ်းချမ်းတိုးတက်ရေးအနာဂတ်”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပျားမွေးမြူရေး ပြည်သူတိုးချဲ့ပညာပေး သင်တန်းဖွင့်

**မကွေး ဇွန် ၂၂**
မကွေးတိုင်းဒေသကြီး ပျားမွေးမြူမှု ဖွံ့ဖြိုးရေးတာဝန်ခံရုံးမှ ပျားမွေးမြူရေး ပြည်သူတိုးချဲ့ပညာပေးသင်တန်းကို ဇွန် ၁၉ ရက်က ဖွင့်လှစ်ခဲ့ရာ ပျားမွေးမြူရေးစိတ်ဝင်စားသူများ၊ ပုဂ္ဂလိက ပျားမွေးမြူသူများ စုစုပေါင်း ၆၀ ခန့် တက်ရောက်ကြပြီး တိုင်းဒေသကြီးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်နှင့် ပျားမွေးမြူခြင်းဖြင့် တောင်သူများ အကျိုးရှိမှုတို့ကို ရှင်းလင်း



ပြောကြားကာ သင်တန်းကို စာတွေ့လက်တွေ့ သုံးရက်ပို့ချခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## ဝန်ကြီးဌာနတင်ဒါကော်မတီ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၏ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း (အကြီးစား ပြုပြင်ခြင်း လုပ်ငန်း) (၂) မျိုးကို ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါရန် ဖိတ်ခေါ် အပ်ပါသည်–

| စဉ် | လုပ်ငန်းအမည် | မှတ်ချက် |
|---|---|---|
| (က) | လျှောင်ဒဏ်ကြောင့်ပျက်စီးသွားသော အနီရောင်အဆင့် လူမှုဖူလုံရေးအဖွဲ့၊ ဥတ္တရသီရိ ဝန်ထမ်းအိမ်ရာဟောင်း တိုက်အမှတ်(၄) (၁၄၄'x၂၄'–၆") RC (၆) ခန်းတွဲ (၅)ထပ် နံရံ အက်ကွဲကြောင်းများ ပြုပြင်ခြင်း၊ အမိုး၊ မျက်နှာကြက်၊ Foundation၊ ရေ၊ မီး၊ မိလ္လာလိုင်းများ အကြီးစားပြင်ဆင်ခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်း၊ | Lot – 1 |
| (ခ) | လျှောင်ဒဏ်ကြောင့်ပျက်စီးသွားသော လိမ္မော်ရောင်အဆင့်လူမှုဖူလုံရေးအဖွဲ့၊ ဥတ္တရသီရိဝန်ထမ်းအိမ်ရာဟောင်း တိုက်အမှတ်(၇) (၁၄၄' x ၂၄'–၆") RC (၆)ခန်းတွဲ (၅)ထပ် နံရံအက်ကွဲကြောင်းများပြုပြင်ခြင်း၊ အမိုး၊ မျက်နှာကြက်၊ Foundation၊ ရေ၊ မီး၊မိလ္လာလိုင်းများ အကြီးစားပြင်ဆင်ခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်း။ | Lot – 2 |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** – ၆ – ၇ –၂၀၂၆ ရက်နေ့ မှ ၁၀ – ၇ –၂၀၂၆ ရက်နေ့အထိ (ရုံးချိန်အတွင်း) ၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ

၃။ **တင်ဒါ Specification နှင့် ဈေးနှုန်းလွှာတင်သွင်းရမည့် နေ့ရက်** – ၁၄ – ၇ –၂၀၂၆ ရက်နေ့ – (ရုံးချိန်အတွင်း) ၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** – လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)၊ အမှတ် ဥ (၇၇)၊ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

၅။ သတ်မှတ်ချက်ထက် နောက်ကျတင်သွင်းလာသည့် လျှောက်လွှာများကို လုံးဝ (လုံးဝ) လက်ခံမည် မဟုတ်ပါ။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၉–၇၇၆၁၇၄၁၀၄၊ ၀၉–၆၈၃၂၃၁၁၀၊ ၀၉–၇၉၇၈၉၂၀၅၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါကော်မတီ**
**အလုပ်သမားဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ ဖိုးရာဇာ (၁)လမ်း၊ မြေကွက်အမှတ် (၁၀၀၀)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်အေးမို့မို့(၁၂/လမန (နိုင်) ၁၄၇၉၉၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြပြည့်စုံ (၁၂/စခန (နိုင်) ၀၆၇၁၇၆)ထံမှ ကျွန်မ ဒေါ်ခင်ငုဝါဝါလှိုင် (၁၂/ကတတ (နိုင်) ၀၂၃၃၃၆)က ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ငုဝါဝါလှိုင် (၁၂/ကတတ (နိုင်) ၀၂၃၃၃၆)
၀၉– ၇၆၅ ၁၉၂ ၄၁၇

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၁၊ ပုန်းညက်လမ်း၊ မြေကွက်အမှတ်–၇၄၅၊ နှစ်(၆၀)ဂရန် မြေအမျိုးအစား၊ အကျယ်အဝန်း (၀.၁၁၅ဧက)၊ ဒေါ်အေးအေးသန်း (၁၂/လမတ(နိုင်)၀၀၉၉၉၆)၊ ဒေါ်ယဉ်ထက်ခိုင် (၁၂/လမတ(နိုင်)၀၃၃၃၀၅) တို့ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂) ထပ် RCတိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဒေါ်အေးအေးသန်း နှင့် ဒေါ်ယဉ်ထက်ခိုင်တို့ထံမှ ပိုင်ဆိုင်နေထိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာသူများထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် လူကိုယ်တိုင် ယနေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ခိုင်ဆုဝေ(LL.B, D.B.L,D.I.P.L) ဒေါ်မိုးမီမီခိုင် (LL.B, D.B.L,D.I.P.L)
အထက်တန်းရှေ့နေ(စဉ် – ၅၃၃၆၉) အထက်တန်းရှေ့နေ(စဉ် – ၅၃၄၉၁)
အမှတ် – ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း – ၀၉–၄၅၅၆၇၇၆၁၅

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ မြေကွက်အမှတ် (၇၇၁/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဒေါ်မေဆွိ(၁၂/စခန (နိုင်) ၀၆၁၇၄၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူအမည်ပေါက်ပိုင်ရှင် ဒေါ်မေဆွိ ထံမှ ကျွန်မ ဒေါ်အေးချမ်းငြိမ့် (၁၄/ပသန (နိုင်) ၁၆၈၂၄၉)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးချမ်းငြိမ့် (၁၄/ပသန (နိုင်) ၁၆၈၂၄၉)
၀၉– ၄၅၇ ၂၀၀ ၀၁၈

## အမည်မှန်

တနင်္သာရီမြို့နယ်၊ အ.ထ.က– တနင်္သာရီတွင် ပညာသင်ကြားနေသော အဘ ဦးကျော်စွာလင်း ၏သား Grade.1 ကျောင်းသား မောင်ကောင်းပြည့်သုတ ၏အမည်မှန်မှာ မောင်ဝေယံလင်းပြည့် ဖြစ်ပါကြောင်း။

မောင်ဝေယံလင်းပြည့်

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင် အောင်လံမြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း Grade – 8 တွင် ပညာသင်ကြားနေသော မကေသွဲ့နိုင် ၏ ဖခင် ဦးလှမင်းခိုင်၏ အမည်မှန်မှာ ဦးဖိုးလှ ၈/အလန(နိုင်) ၁၁၆၀၀၂ ဖြစ်ပါကြောင်း။

ဦးဖိုးလှ

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ကြီးပင်ကန် (၁)ကျေးရွာနေ မအိပြည့်ခင် ၏ဖခင် ဦးငြိမ်းချမ်း၏ အမည်မှန်မှာ ဦးငြိမ်းချမ်းအောင် ၈/မဘန (နိုင်) ၁၂၂၆၁၃ ဖြစ်ပါကြောင်း။

## အလိမ္မာစာမှာရှိ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## တိုင်းရင်းသားအခွင့်အရေးများ
## ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန
## မွန်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆ –၂၀၂၇ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မင်းရွာကျေးရွာရှိ မွန်ပြည်နယ် တိုင်းရင်းသားယဉ်ကျေးမှုစင်တာတွင် ဆောင်ရွက်မည့် Lot–1 ဘက်စုံသုံးခန်းမ (၁၄၀ x ၇၀) ပေ တည်ဆောက်ခြင်းနှင့် Lot –2 Play Ground တည်ဆောက်ခြင်းတို့အတွက် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်–

(က) **တင်ဒါလျှောက်လွှာ ပုံစံရောင်းချမည့်ရက်** – ၁၆ –၆–၂၀၂၆ ရက်မှ ၂၉– ၆ –၂၀၂၆ ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** – ၂၉–၆–၂၀၂၆ရက် (ရုံးချိန်အတွင်း)

(ဂ) **နေရာ** – တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ မွန်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး။

**(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်ကို ထပ်မံအကြောင်းပြန်ကြားပေးပါမည်။**

၂။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ မွန်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ်– ၀၉–၆၈၁၀၅၈၅၄၄ နှင့် ၀၉–၂၅၂၃၀၃၄၉၉ သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန**
**မွန်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး**

